၎င်းကသူလိုချင်နေတဲ့ကပ်ပါး
ကောင်အမျိုးအစားသားရဲဖြစ်သည်၊

တာ့ဇီကဖမ်းမိပြီးဖြစ်ကာ,၎င်း၏ချွန်ထက်ပြီးသန်မာ
သောခြေချောင်းများဖြင့်
သံချောင်းအတန်းလိုက်ကဲ့သို့အမှောင်ဒိုဒါနွယ်ပင်ကိုခိုင်မ
ာစွာဖြင့်တားထားသည်၊

စာစဉ် ၁၂

အဆုံးမှာတော့,

ၚင်းကသေနေသောမြွေတစ်ကောင်လိုနောက်သို့တစ်ရွတ်

တိုက် ဆွဲခံလိုက်ရသည်၊

ဒိုဒါပင်ကကောင်းဖန်ကိုတွေ့သောအခါ,

ၚင်းကပြန်ပြီးတိုက်ခိုက်ရန်

သူ့ကိုယ်သူကောင်းဖန်၏ခန္ဓာကိုယ်အားရစ်ပတ်ရန်ကိုးစ

ားလိုက်ပေမယ့်,

သားရဲများဆီမှများစွာသောသင်ခန်းစာများကိုပေးခံလိုက်

ရသည်၊ နောက်ဆုံးတွင်တော့,

ၚင်းကမြေကြီးပေါ်တွင်လဲလျောင်းနေရင်းသူ၏ကံကြမ္မာ

ကိုလက်ခံလိုက်ပုံရသည်၊

ကောင်းဖန်သည်ဒီသားရဲများ၏အထူးသွင်ပြင်လက္ခ

ဏာကိုသတိထားမိပြီး,ၚင်းတို့က

ခေါင်းလောင်းကိုခိုးချိန်တွင်သူတို့နားတွေကိုအုပ်ထားသ

လိုဖြစ်နေသည်၊ ကုန်ကုန်ပြောရရင်, သူတို့ကတခြားသူတွေသတိမပြုနိုင်ဘူးလို့တွေးပြီး သူတို့ကိုယ်သူတို့ကြောင်းကျိုးမမြင်နိုင်တော့တာဖြစ်သည်၊

အမှောင်ဒိုဒါနွယ်သည် အစင်းလေး၏ကျောပေါ်သို့တင်ခံလိုက်ရသည်၊

မြေအောက်မှတစ်စုံတစ်ခုကိုရယူနိုင်ခြင်းသည်ကောင်းမွန်တဲ့ရလဒ်ဖြစ်သည်၊

အမှောင်ဒိုဒါပင်သည်အစင်းလေး၏ခန္ဓာကိုယ်ပေါ်တွင်သူ၏နွယ်များကိုသတိရှိစွာ ယမ်းနေပြီး, အစင်းလေး၏အခွံအတွင်းသို့ခိုးဝင်ရန်လုပ်နေသည်၊ ကံမကောင်းစွာနဲ့, ဆိုးရွားတဲ့အခြေအနေရောက်နေပြီဆိုတာတောင်မှ, သူ၏အပြုအမူကအဆင်မပြေပေ။

စာစဥ် ၁၂

ထို့နောက်အစင်းလေးကရပ်လိုက်ပြီး မြေပြင်ပေါ်တွင်နှစ်ကြိမ်လောက်လှိမ့်လိုက်သည်၊

အမှောင်ဒိုဒါသည်လေးတွဲ့နေတော့ကာ ကြည့်ရတာအားနည်းနေသည်၊

ကောင်းဖန်ကလှည့်လိုက်ပြီး, မြောင်းထဲမှထွက်ရန်ရည်ရွယ်လိုက်သည်၊ ရုတ်တရက် ဟိန်းသံတစ်ခုကသူ၏နောက်မှထွက်ပေါ်လာသည်၊ ထရပ်ကားတစ်စီးက ရေနုတ်မြောင်းကိုဖြတ်၍မောင်းနှင်နေသလိုဖြစ်နေသော ကြောင့်ကောင်းဖန်၏မျက်နှာကတွန့်သွားတော့သည်၊ အသံကတဖြည်းဖြည်းနီးကပ်လာပြီးကျယ်သထက်ကျယ် လာ သည်၊

ကောင်းဖန်ကသူ့ခေါင်းကိုငုံ့လိုက်သည်၊ ၎င်းကသူ၏ခြေထောက်အောက်တွင်

စာစဉ် ၁၂

အပြာရောင်သန်းနေသည်၊ အနက်ရောင်အရိပ်ကသူ့၏ခြေထောက်အောက်တွင် တစ်စုံတစ်ယောက်ကဖုန်းခါတ်မီးကိုဖွင့်၍သူ့နောက်ကေ ျာေပေါ်ကိုထိုးကာ ပုံရိပ်ကျလာသလိုမျိုးကြီးလာသည်။

ထိုနေရာကရုတ်တရက်တိတ်ဆိတ်သွားတော့သည်၊ ကောင်းဖန်၏ခြေလှမ်းများသာ ကျန်နေခဲ့သည်၊ ခပ်မှိန်မှိန်လျှင်မြန်စွာရွေ့လျားနေသောအသံကသူ့နောက်မှထွက်ပေါ် လာပြီး, ဝါးတစ်ဝါးပုံရိပ်ကခြိမ်းခြောက်နေသည်၊

ကောင်းဖန်၏အမူအရာကလေးနက်ခြင်းသို့ပြောင်းသွားတော့သည်၊

စာစဉ် ၁၂

“ပါး?”

အသံကသံသယဖြစ်စရာကောင်းစွာကောင်းဖန်၏အနောက်မှလာသည်၊

“ဘော့စ်, အနောက်မှာအကောင်ကြီးကြီးရှိတယ်၊” တာ့ဇီကထိတ်ထိတ်ပျာပျာဖြစ်နေသောလေသံဖြင့်ပြောသည်၊

ကောင်းဖန်ကလှည့်လိုက်ပြီး,သူ၏နောက်တွင်မြောင်းတစ်ခုလုံးပြည့်လုနီးပါးအလွန်ကြီးမားသည့်ပုံရိပ်ကရှိနေသည်၊အလင်း၏ရောင်စဉ်တန်းများကရင်း၏ခန္ဓာကိုယ်ပတ်လည်တွင်မြွေကွဲ့သို့ဖြစ်နေပြီး, လေထဲသို့ထိုးဖောက်ဝင်ရောက်ကာရှူးရှူးရှဲရှဲဖြင့်ဆူညံ့သံများပြုလုပ်နေသည်၊

စာစဉ် ၁၂

သူ့ရှေ့မှာမြင်ရတဲ့အလင်းများသည် ထိုလျှပ်စီးမီးတောက်လေးများကထွက်ပေါ်လာခြင်းဖြစ်သည်၊ သူကအောက်ဘက်မှထူထပ်သောခြေသည်းများကရင်း၏ အောက်မှဝါးတဝါးထိုးထွက်နေသည်၊

ကြီးမားသောသားရဲကြီးတွင်မဆိုးသွမ်းဘဲ, ကောင်းဖန်ကိုစိတ်ရှုပ်ထွေးစေသောအရာတစ်ခုရှိနေသလိုမျိုးစူးစိုက်ကြည့်နေသည်၊

သားရဲ၏ပါးစပ်မှအော်မြည်နေသောအသံတစ်ခုကထွက်လာသည်၊ လျှပ်စစ်မီးများမှတောက်ပသည့်မီးများကြောင့် ထိုကြီးမားသောသားရဲ၏နောက်ကျောတွင်အခွံတစ်ခုရှိတာကိုမှုန်ဝါးဝါးမြင်လိုက်ရသည်၊

စာစဉ် ၁၂

အဆုံးမှာတော့,သားရဲကတဖြည်းဖြည်းချင်းပြန်လှည့်သွားပြီး, ကောင်းဖန်ကိုတိုက်ခိုက် မှုဖြင့်မစတင်ခဲ့ပေ၊

ကောင်းဖန်ကသူ့နဖူးမှချွေးများကိုသုတ်လိုက်သည်၊

၎င်းကအရမ်းကြောက်စရာကောင်းသည်၊ သားရဲကယခုအဆင့်၃၉ဖြစ်သည်၊ အကယ်၍ သူတို့တကယ်တိုက်လျှင်, ကောင်းဖန်တို့အဖွဲ့ကသေချာပေါက်၎င်းကိုရှုံးနိမ့်အောင် လုပ်နိုင်မည်မဟုတ်ပေ၊ ဒီလိုမျိုးကျဉ်းမြောင်းပြီးအကန့်အသတ်ရှိသည့်နေရာတွင် , သူတို့ကလုပ်နိုင်တာကလွတ်မြောက်အောင်လုပ်ဖို့ဘဲဖြစ် သည်၊

ဘာလို့မြောင်းထဲမှာဒီလိုကြောက်ဖို့ကောင်းတဲ့သားရဲ ရှိနေတာလဲ?

စာစဉ် ၁၂

ကောင်းဖန်က
တုန်လှုပ်နေပြီးမတည်ငြိမ်ဖြစ်နေဆဲဖြစ်သည်၊
ငှင်းကဆံပင်ရွှေရောင်
နှင့်လူမိုက်နှစ်ယောက်မှုလတန်းကျောင်းသို့ပိုက်ဆံယူရန်
သွားပြီးနောက်,
အတန်းတံခါးကိုဖွင့်လိုက်သောအခါကြွက်သားတွေနှင့်ပြ
ည့်ဝနေပြီး,
လက်မောင်းများတွင်တက်တူးများထိုးပြီးခုံတွင်ထိုင်နေ
သူများကိုတွေ့လိုက်ရသလို ဖြစ်နေသည်၊

ခဏလေး,
ကောင်းဖန်ရုတ်တရက်သူ့အဘိုး၏ကိုယ်ပိုင်သားရဲတစ်ေ
ေခင်က
မြောင်းထဲမယ်နေတယ်ဆိုတာကိုသတိရသွားသည်၊
ဖြစ်နိုင်တာကအဲ့သားရဲလားဘဲ၊

စာစဉ် ၁၂

သူတို့မြေပြင်ပေါ်သို့ပြန်ရောက်သို့, ကောင်းဖန်ကအမှောင်ဒိုဒါပင်ကိုလေ့ကျင့်ရေးကွင်းသို့ခေါ်လာခဲ့သည်၊ ထို့နောက်, သူကရေပိုက်ကိုဆွဲကာ, ထိုကောင်ကိုချိန်၍ဆေးကြော လိုက်သည်၊

အဆက်မပြတ်ဆေးကြောမှုအောက်တွင် အမှောင်ဒိုဒါ၏ခန္ဓာကိုယ်မှအနံ့အသက်နှင့် မှောင်မည်းနေသောအကြွင်းအကျန်များက ဆက်၍ထွက်လာသည်၊ တဖြည်းဖြည်းနှင့် အမှောင်ဒိုဒါပင်ကပိုပြီးတောက်ပလာသည်၊

သန့်ရှင်းပြီးနောက်, ၂၅ပေရှည်သည့်မီးခိုးရောင်နွယ်သည် ကြမ်းပြင်ပေါ်တွင်လဲလျောင်းနေသည်၊ နွယ်တွင်များစွာသောကိုင်းများရှိပြီး, ထိုကိုင်းများတစ်လျှောက်တွင်

စာစဉ် ၁၂

စိမ်းနက်နက်အသီးများရှိသည်၊
အသီး၏မျက်နှာပြင်ပေါ်တွင်တော့ရှုပ်ထွေးနေသည့်
အနက်ရောင်အကွက်များဖြင့်ဖုံးထားသည်၊
ဒါကဒိုဒါပင်၏မူလပုံစံပင်ဖြစ်သည်၊

***

စာစဉ် ၁၂

## အပိုင်း၁၈၃

“မင်းငါဘာပြောနေလဲဆိုတာနားလည်လား?” ကောင်းဖန်ကပြောလိုက်သည်၊

အမှောင်ဒိုဒါနွယ်သည်မသိနားမလည်စွာဖြင့်တစ်နေရာထဲတွင်တွားသွားကာသွားနေခဲ့ သည်၊ ဘေးပတ်လည်ရှိသစ်ပင်များနှင့်ချုံပုတ်များကငင်းကိုကေ ာင်းကောင်းဆွဲဆောင် နေတာကြောင့်,ငင်းကထိုအရာများထံကိုသွားရန်လှုပ်ရှားလိုက်သော်လည်း, သူကအနည်းငယ်လောက်သွားလိုက်တာနဲ့, ဒမ်ဘီဆီကနေပြန်ဆွဲခံလာရသည်၊

ထို့နောက်ငင်း၏ခန္ဓာကိုယ်မှအသီးသည်ပြုတ်ထွက်သွားပြီး ဒမ်ဘီ၏ခန္ဓာကိုယ်ပေါ်

တွင်ပေါက်ထွက်သွားကာအသီးအတွင်းမှထွက်လာသော အနက်ရောင်အမျှင်များအဖြစ် သို့ထွက်လာကာသွေးနှင့်အဆီအနှစ်များကိုစုပ်ယူရန်ဒမ်ဘီ၏အရိုးများဆီသို့ လျင်မြန်စွာတွယ်ကပ်သွားတော့သည်၊

ကံမကောင်းစွာဖြင့် ဒမ်ဘီသည်အရိုးစုတစ်ခုသာဖြစ်သည်၊

ထိုအခြေအနေမျိုးကိုပထမဆုံးကြုံးတွေ့ရတာကြောင့် အမျှင်များကရှုပ်ထွေးနေတော့သည်၊

အဆီတွေဘယ်မှာလဲ? ပြီးတော့သွေးတွေကော? ဘယ်လိုဘဲမင်းကဆင်းရဲနေပါစေ အနည်းဆုံးတော့ငါ့ကိုအသားလေးတော့ပေးလေ!

အမျှင်များကတစ်စုံတစ်ခုကိုပြင်းပြင်းထန်ထန်ရှာဖေွေနေခြင်းမှ ကျဆုံးသွားတော့သည်၊

စာစဉ် ၁၂

နောက်ဆုံးတော့သွေးကြောတွေကိုတွေ့လိုက်သည်၊ ထူထဲသောအရိုးများကို မဖောက်နိုင်သောကြောင့်သွေးကြောမျှင်များကနောက်ဆုံးရွေးချယ်စရာတစ်ခုပင် ဖြစ်သည်၊ သွေးကြောမျှင်များသည် သွေးကြောများနှင့်ဆင်တူလှသည်၊

ဒါပေမယ့်, သွေးကြောမျှင်များကိုပွတ်သတ်နေခြင်းဖြင့်, ၎င်းကဒမ်ဘီကိုကလိထိုးနေ သလိုဖြစ်နေသည်၊ သူ၏လက်ဖဝါးများကိုဖြန့်ကာဒမ်ဘီကပြင်းထန်စွာဖြင့်ရိုက်ချလိုက် သည်၊

ဖတ်!

နွယ်မျှင်များသည်ပြားပြားကပ်ထားသောအသားပြာ းများအဖြစ်သို့ ပြောင်းသွားတော့သည်၊

စာစဉ် ၁၂

နောက်ဆုံးတွင်အမှောင်ဒိုဒါနွှယ်သည်ထွက်ပြေးရန်စိ
တ်ကူးကိုစွန့်လွှတ်လိုက်ပုံရသည်၊
၎င်းသည်သူ့ကိုယ်သူရှုပ်ပွနေသောအမျှင်များအဖြစ်သို့စုစ
ည်းလိုက်သည်၊

ကောင်းဖန်ကမျက်မှောင်ကြုတ်ပြီးခဏလောက်စက
ားစမြည်ပြောလိုက်သည်၊
သူ့ကိုယ်သူစကားပြောနေပုံဘဲဖြစ်နေပြီး
အမှောင်ဒိုဒါနွှယ်ကလုံးဝနားလည်လားဆိုတာ
ကိုတော့ဘယ်သူမှမသိပေ၊ မည်သို့ပင်ဖြစ်စေ,
ကောင်းဖန်က၎င်းနှင့်ဆက်သွယ်ရန်
လုပ်နေမှုကိုပြန်တုံ့ပြန်မှုမရှိဘဲ, ဒါမှမဟုတ်
၎င်းကနှောက်ယှက်ရန်ကိုပင် ရိုးရိုးရှင်းရှင်း
ပျင်းရိနေခြင်းဖြစ်နိုင်သည်၊

စာစဉ် ၁၂

ကောင်းဖန်ကအချိန်တိုလေးအတွင်းမှာတော့ဝင်းကို ယဉ်ကျေးရန်လုပ်ဖို့အတွက်မရမှန်း သူသိသည့်, ဒါကြောင့်ကောင်းဖန်ကတစ်စုံတစ်ယောက်ကိုကျည်ကာ မှန်ဖန်သေတ္တာ ယူရန်အတွက်ခိုင်းလိုက်ပြီးနောက်, အမှောင်ဒိုဒါနွယ်ကိုထိုထဲသို့ပစ်ထည့်လိုက်ကာ, ဘာမြေဆီမှထည့်မပေးဘဲဝင်းကိုဘာနေရောင်ခြည်မှမရှိ သည့်မြေအောက်ခန်းထဲတွင် ပိတ်ထားလိုက်သည်၊

သူကဒီခွေးကောင်လေးအချိန်တစ်ချို့အစာငတ်တဲ့အ ထိတော့ခေါင်းမာနိုင်မယ်မထင် ဘူးလို့သူယုံတယ်၊

ကောင်းဖန်ကတောက်တိုမယ်ရအလုပ်လေးတွေလုပ် ပြီးတဲ့နောက်, သူကအိမ်ကိုပြန်လာပြီး သူ့ခန္ဓာကိုယ်ထဲကထူးဆန်းတဲ့အနံ့တွေကိုဆေးကြောဖို့ အတွက် ရေချိုးလိုက်သည်၊

စာစဉ် ၁၂

မြေအောက်ပြသနာဖြေရှင်းပြီးနောက်

စက်ရုံသည်လုပ်ငန်းပြန်လည်စတင်ခဲ့သည်၊

နောက်တစ်နေ့တွင်ကောင်းဖန်သည်

ကုမ္ပဏီ၏ဌာနချုပ်ရုံးထံမှလွှဲပြောင်းအမိန့်ကို

လက်ခံရရှိခဲ့သည်၊

ကောင်းဖန်သည်ဤရက်သတ္တပတ်အနည်းငယ်အတွင်း

ပြင်းပြင်းထန်ထန်သဘောထားကြီးစွာဖြင့်

အလုပ်တွေလုပ်ကိုင်ခဲ့သည်၊လူ့စွမ်းအား

အရင်းအမြစ်ဌာနက

သူ့ကိုဌာနချုပ်ရုံးအားလွှဲပေးခဲ့ပေမယ့်သူရဲ့ရာထူးခန့်အပ်ပြ

ြင်းနှင့်

တာဝန်များ,ထိုထဲကဘာကိုမှထုတ်ဖော်ပြောခြင်းမရှိသေ

းပေ၊

စာစဉ် ၁၂

တခြားဝန်ထမ်းများအားလုံးကသတင်းကိုလက်ခံရရှိပြ ြီးနောက် အံ့သြကုန်ကြသည်၊

ကောင်းဖန်ကသူ့ခုံကို သူပိုင်သမျှကိုထုပ်သိမ်းရန်အတွက်ပြန်သွားလိုက်သည်, ပြီးတော့ သူ့မှာကဘာမှသိမ်းစရာအရမ်းမရှိဘူးလေ…

သူလျှောက်လာတာကိုမြင်တော့တခြားကုမ္ပဏီဝန် ထမ်းများ၏မျက်နှာတွင် ဖတ်လို့မရတဲ့အမူအရာတွေရှိနေသည်၊

ဝမ်လျန့်ကမျက်ရည်ကျသွားတော့သည်၊ ခေါင်းဆောင်ကောင်းကိုပြောင်းသွားသော် လည်းသူကတော့ဒီနေရာမှာဘဲငြိနေဆဲဖြစ်သည်၊

ပြီးတော့သူကလူသားအရင်းမြစ်ဌာန၏ခေါင်းဆောင် အဖြစ်တိုးမြှင့်ပေးခြင်းခံလိုက်ရ သော်လည်း,

စာစဉ် ၁၂

သူကခါးသီးနေဆဲဖြစ်သည်၊ သူကကောင်းဖန်နောက်ကိုဆက်၍လိုက်ချင် နေသည်၊

နေ့ခင်းနှစ်နာရီတောင်ရှိနေပြီးဖြစ်ကာ ကောင်းဖန်ကဌာနချုပ်ကိုရောက်သွားပြီးဖြစ် သည်၊ အဘိုးကြီးကျီကသူ့ရုံးခန်းထဲမှာ အချိန်အတော်ကြာအောင်စောင့်နေတဲ့ အမြင့်ဆုံးထပ်သို့တိုက်ရိုက်သွားလိုက်သည်၊

“အဘိုး, ဒါကအရမ်းမြင့်တဲ့ရာထူးမဟုတ်ဘူးလား?” ကောင်းဖန်ကအကူအညီမဲ့စွာဖြင့် ပြောလိုက်သည်၊

သူကဒီလောက်မြန်မယ်မှန်းမတွေးမိဘူး၊ သူကလအနည်းငယ်လောက်နေရဦးမယ်လို့ တွေးမိပေမယ့်, အခုတော့ဒါကလတောင်မကြာဘူး…

ကောင်းဖန်ကမကျေမနပ်ပြောဖို့အတွက်ပင်အင်အား မရှိတော့ပေ၊ ဒါကနည်းနည်းတော့…

စာစဉ် ၁၂

“ဟားဟား, ဒါကကိစ္စမရှိပါဘူး; တကယ်တော့အကုန်လုံးသိတာဘဲ,” ကျီဟန့်ဝူကပြောလိုက်သည်, “ပြီးတော့ဘယ်သူမှ မရဘူး လို့ပြောရဲမှာလဲ”

မင်းကပျော်နေပြီဘဲ၊ အဘိုးကထိုစကားကိုပြောပြီးကတည်းက, ကောင်းဖန်ကဘာပြော နိုင်ဦးမှာဘဲ?

“မင်းရဲ့ခာတ်ခွဲခန်းကပြီးသွားပြီ၊ အကောင်းဆုံးပစ္စည်းတွေထည့်ပေးထားပြီးတော့ စက်ပစ္စည်းတွေအားလုံးလည်းပြင်ဆင်ပြီးပြီ၊ သွားကြည့်ရအောင်, အဘိုးမင်းကို လိုက်ပို့ပေးမယ်” သူကတက်တက်ကြွကြွလုပ်ဆောင်သူတစ်ဦးဖြစ်သည်၊ ကျီဟန့်ဝူကကြိုတင်မျှော်လင့်စွာဖြင့်လျင်မြန်စွာထလိုက်

သည်, ကြည့်ရတာသူက
ကောင်းဖန်ထက်ပိုပြီးစိတ်လှုပ်ရှားနေပုံရသည်၊

သူက
သူ့မြေးရဲ့အံ့သြနေတဲ့အမူအရာကိုကြည့်ဖို့မစောင့်နိုင်တေ
ာ့ဘူး၊

သူတို့ကုမ္ပဏီအဆောက်အဦးကနေထွက်လာပြီးနော
က်, ကျိဟန့်ဝူကကောင်းဖန်ကို
ကုမ္ပဏီ၏အနောက်ပေါက်ဆီသို့ခေါ်သွားသည်,
ဒါပေမယ့်သူတို့ဝေးလာတာနဲ့အမျှ
တစ်ခုခုတော့မှားနေပြီဆိုတာကို
ကောင်းဖန်ခံစားလိုက်ရသည်၊ ဒါကဗီလာကိုသွားတဲ့
လမ်းမဟုတ်ဘူးလား?

စာစဉ် ၁၂

လမ်းတစ်လျှောက်တွင်ဝန်ထမ်းများအားလုံးက ကျီဟာန့်ဝူကိုတွေ့သောအခါနှုတ်ဆက်ကြသည်၊ အဲ့ဒီကလူအားလုံးကသူ့အဘိုးကိုသိပုံရသည်၊

စက်ရုံများ,အဆောင်များနှင့် သုတေသနခန်းများကိုဖြတ်သန်းသွားလာနေကြသည်၊

လမ်းလျှောက်လေလေကောင်းဖန်ကပိုထူးဆန်းလေ လေဖြစ်နေသည်၊ ၎င်းကကုမ္ပဏီ၏အပြင်ဘက်နေရာတွင်ဖြစ်သည်၊ သူကရှေ့ဆက်ဝေးဝေးသွားနေခြင်း ကသူ့ကိုအဘိုး၏အိမ်ဆီသို့ခေါ်သွားမှာကိုသတိရလိုက်သ ည်!

အဘိုးက ခုတ်ခွဲခန်းကိုဗီလာမှာဆောက်ခဲ့တာလား? ကောင်းဖန်ကသက်ာမကင်းဖြစ် နေသည်၊

စာစဉ် ၁၂

ကောင်းဖန်သည်ဗီလာဆီသို့ဦးဆောင်သွားလိုက်သည်၊ ကြည့်ရတာတကယ်ဗီလာထဲမှာ ရှိပုံဘဲလို့ ကောင်းဖန်တွေးလိုက်သည်၊

အဘိုးကတည်ငြိမ်စွာဖြင့်ပြောလိုက်သည်, “မင်းဒီမှာခဏလောက်စောင့်ဦး၊ အဘိုး အပေါ်ထပ်ကိုသွားပြီးသော့တွေယူလိုက်ဦးမယ်”

သူသော့ကိုဆွဲယူလာပြီးနောက်, အဘိုးကကောင်းဖန်ကိုဦးဆောင်ကာရေကန်ကို ဖြတ်သွား၍အနောက်မှာရှိတဲ့တောင်ဆီသို့လျှောက်သွားလိုက်သည်၊

တောက်ဆုံးသူကဂူတစ်ခုရှေ့တွင်ရပ်လိုက်သည်၊

သူကကောင်းဖန်အားသော့ကိုပေးလိုက်သည်၊ “မင်းအောက်ကိုဆင်းသွားပြီး ကိုယ့်ဘာသာသွားကြည့်ချည်၊

စာစဉ် ၁၂

ဒီအိုနေတဲ့အရိုးတွေကမင်းနဲ့ဝေးဝေးမလိုက်နိုင်တော့ဘူး
”

ကောင်းဖန်ကအဘိုးဆီမှသော့ကိုယူလိုက်ပြီး,ဂူကို
ကြည့်လိုက်သည်၊ ၎င်းကဂူတစ်ခု ဖြစ်သည်,
ဒါပေမယ့်တကယ်တော့၎င်းကမှောင်မည်းမနေပါ၊
ယှဉ်ကြည့်ရရင်,
ဝင်ပေါက်ကအရမ်းကိုကောင်းမွန်စွာတောက်ပနေသည်၊
ဂူ၏အရှေ့ရှိမြေကြီးသည်
ရှင်းလင်းနေပြီးပြန့်ပြူးနေသည်,ဒါပေမယ့်တာရာပုံအန
ည်းငယ်တော့ရှိသည်၊

အတွင်းထဲသို့သွားလိုက်တော့,
ကောင်းဖန်၏ခြေလှမ်းအသံတွေသာကျန်နေခဲ့သည်၊

သူကဘေးပတ်လည်သို့ကြည့်လိုက်ပြီးပတ်ဝန်းကျင်
ကိုအကဲခတ်ကြည့်လိုက်သည်၊ အတွင်းနံရံများပေါ်တွင်

သံမဏိကွင်းများစွာကိုတပ်ဆင်ထားပြီးၡင်းတို့အပေါ်တွင် ဘိလပ်မြေများလောင်းထားသည်၊

အတွင်းထဲသို့ပိုပြီးဝေးဝေးသွားသောအခါ, သူ့ခေါင်းအပေါ်မှမီးများဖြည်းဖြည်းချင်းပေါ်လာသည်နှင့်အမျှပိုပြီးအလင်းကအားနည်းလာသည်၊ ခြေလှမ်းဒါဇင်လောက်ဝေးဝေးလျှောက်လာကာ,ကွေ့လိုက်ပြီးနောက်ကောင်းဖန်ကရပ်တန့်သွားတော့သည်၊

ပိတ်ထားသောသတ္တုတံခါးကသူ၏မျက်လုံးရှေ့တွင်ရှိနေသည်၊ ဂိတ်၏အပြင်ဘက်တွင် အဖြူရောင်မီးချောင်းများရှိနေသည်၊ ကောင်းဖန်ကရှေ့သို့ရွှေ့လိုက်ပြီးနောက်, ရုတ်တရက်ရပ်လိုက်သည်၊

သူကသံသယဖြစ်စွာဖြင့်ရောက်သွားပြီးနောက်, အေးလာတဲ့အထိအတွေ့ကိုခံစားလိုက်ရသည်၊

ထိုနေရာမှာတကယ်တော့မှန်ပြင်အပိုင်းလေးတစ်ခုရှိသည်၊

သူကအံ့သြသွားသည်၊

သူကအထဲသို့ဝင်သွားလုနီးပါးပင်ဖြစ်သွားသည်၊

ထိုနေရာတွင်သူကလက်ဖွေရာကိုထည့်လိုက်ပြီး, အနီရောင်လှိုင်းငယ်လေးများပေါ်လာ ကာ, ကျောက်တုံးတစ်တုံးကရေကန်ထဲသို့ပြုတ်ကျသွားသလိုပင်ဖြစ်သွားသည်၊

ထို့နောက်လှိုင်းလေးများကဆက်၍ကြီးလာသည်၊ နောက်ဆုံးတွင်, အစိမ်းရောင် အလင်းကမှန်ပြင်တွင်ပေါ်လာပြီး, ဖြောင့်တန်းသောလိုင်းကအထက်မှအောက်သို့

စာစဉ် ၁၂

ဆင်းသွားသည်၊ အစိမ်းရောင်လိုင်းတစ်လျှောက်တွင်, မှန်တံခါးကတဖြည်းဖြည်း အလယ်မှနှစ်ဘက်သို့တစ်ဘက်ချင်းစီပွင့်သွားတော့သည်၊ မှန်တကယ်ကတဖြည်းဖြည်းပွင့်လာသည်၊

ကောင်းဖန်ကဒီလိုမြင့်မားတဲ့နည်းပညာကိုအံ့သြစွာနှင့်ကြည့်နေသည်၊

ဒါကအရမ်းကိုမိုက်တာဘဲ၊

သူကအထဲကိုဝင်သွားပြီးနောက်,မှန်တခါးကတဖြည် းဖြည်းပိတ်သွားတော့သည်၊ သတ္တုဂိတ်၏အလယ်တွင်သိသာပေါ်လွင်သောသော့ပေါက်ရှိသည်၊ ကောင်းဖန်က သော့ကိုထည့်လိုက်ပြီး သော့ကသူ့အလိုလိုလည်သွားသည်၊ ဂျိမ်း..

သတ္တုတံခါးသည်တဖြည်းဖြည်းပွင့်သွားသည်၊

စာစဉ် ၁၂

ကောင်းဖန်ကအတွင်းပိုင်းကိုရှင်းလင်းစွာမြင်လိုက်ရပြီးနောက်, သူ၏နှလုံးသားက တင်းကြပ်လာတော့သည်၊

အတွင်းပိုင်းအခန်းတစ်ခုလုံးကအဖြူရောင်ဖြစ်သည်၊ သတ္တုတံခါးပွင့်သွားသည့်အခိုက် , အခန်းအတွင်းမှအလင်းများကအတူတကွလင်းထိန်လာပြသည်၊

အဖြူရောင်အရိပ်မဲ့မီးအိမ်ကတောက်ပစွာဖြင့် ဓာတ်ခွဲခန်းထဲတွင်ထွန်းလင်းနေသည်၊ ဒီအခန်းသည်ဥြေ့ခန်းနှင့်တူသည့်အခန်းဖြစ်သည်၊ ကောင်းဖန်သည်ကော်ဖီစက်, သားရေဆိုဖာ,ပရိုဂျက်တာနှင့်အခြားအဆင်တန်ဆာများကိုပင်တွေ့နိုင်သည်၊

အခန်းနှစ်ဘက်တွင်ကောင်းဖန်ရောက်သွားပြီးကောင်းဖန်ကအတွင်းပိုင်းသို့ကြည့်လိုက် သည်၊

စာစဉ် ၁၂

ဒီဂူခေတ်ခွဲခန်းက အတော်လေးကြီးသည်, ထိုနေရာတွင်အဓိကထိန်းချုပ်ခန်း, လက်တွေ့စမ်းသပ်ခန်း, အအေးခန်းနှင့်အခြားသောအလုံပိတ်အခန်းများပါရှိသည်။

အလုံပိတ်အခန်းများကိုသားရဲများသော့ခတ်ရန်အတွက် အကြမ်းဖျင်းအားဖြင့်သုံးကြပြီးသုတေသနတွင်အသုံးပြုသောသားရဲများအားလုံးကို အလုံပိတ်အခန်းများ အတွင်းတွင်သော့ခတ်ကာသိမ်းထားသည်၊

ခေတ်ခွဲခန်းရှိပစ္စည်းအများအပြားသည်ကောင်းဖန်တီဗွီ သို့မဟုတ် မဂ္ဂဇင်းများတွင် တွေ့မြင်ခဲ့ရသောအရာများဖြစ်ပြီး

စာစဉ် ၁၂

ယခုတွင်တော့၎င်းတို့အားလုံးသည်သူ့ရှေ့တွင် လက်တွေ့ရောက်လာပြီဖြစ်သည်၊

ကောင်းဖန်သည်အနီးစပ်ဆုံးခန့်မှန်းချက်ကိုပြုလုပ်ခဲ့သည်၊ အနည်းဆုံး ကျယ်ပြန့်များပြားသည့်ဓာတ်ခွဲခန်းနှင့်ယှဉ်လျှင် ဓာတ်ခွဲခန်းကသိပ်မကြီးပေ, ၎င်းကမျက်နှာပြင်ဧရိယာနည်းပါးနေဆဲဖြစ်သည်၊

သို့သော်ကောင်းဖန်သည်ဒီဓာတ်ခွဲခန်းအတွက်မည်သည့်လက်ထောက်ကိုမှ စုဆောင်းရန်မရည်ရွယ်ထားပေ၊ သူကလုံလောက်သည်၊

သူ၏လက်ချောင်းများကပစ္စည်းများ၏မျက်နှာပြင်ပေါ်သို့ထိတွေ့နေသည်၊

## စာစဉ် ၁၂

သူ့စိတ်ထဲတွင်တော့ကောင်းဖန်သည်နောက်ထပ်အစမ်း သပ်ခံစစ်ဆေးမှုအတွက် ဆုံးဖြတ်ပြီးဖြစ်သည်၊

ကောင်းဖန်ကစိတ်ထဲတွင်များစွာသောစမ်းသပ်မှုကို တွေ့ခဲ့သော်လည်း, ဒီအချိန်တွင် တော့, သူကတစ်ယောက်ထဲဖြစ်တာကြောင့်, သူကရှည်ရှည်ဝေးဝေးမကြည့်ပေ၊ အခုသူကတောင်ပိုင်းကောင်းကင်အဖွဲ့ရှိသဖြင့် သူ၏စိတ်ကူးအများအပြားက လက်တွေ့ဖြစ်လာသည်။

ပြီးတော့တောင်ပိုင်းကောင်းကင်အဖွဲ့ကလည်းကော င်းဖန်ကိုပံ့ပိုးပေးဖို့အင်အားရှိသည်။

***

## *အပိုင်း၁၈၄*

"ဘယ်လိုလဲ? မင်းခါတ်ခွဲခန်းကိုကျေနပ်ရဲ့လား? အကယ်၍မင်းမကြိုက်ဘူးဆိုရင်, ငါတို့နောက်တစ်ခုဆောက်နိုင်တယ်၊" ကျီဟန့်ဝူက ဂူထဲမှလမ်းလျှောက်ထွက်လာတဲ့ သူ့မြေးကိုကြည့်ရင်း, သူ့မျက်လုံးများမှနူးညံ့သိမ်မွေ့သောခံစားချက်တွေထွက်ပေါ် လာသည်၊

"ကျနော်အရမ်းကျေနပ်ပါတယ်" အဘိုးကခါတ်ခွဲခန်းပြင်ဆင်မှုကိုအဆုံးစွန်တွန်းအားပေးထားတာကြောင့်,သူကဘယ်လိုလုပ်မကျေနပ်ဘဲနေမည်နည်း?

နောက်တော့, ကောင်းဖန်ကသူ့အဘိုးကို သူမြင်ရလေ့ရှိတဲ့သားရဲတွေအများအပြားရဲ့

## စာစဉ် ၁၂

ဆင့်ကဲဖြစ်စဉ်လမ်းကြောင်းတွေကိုလမ်းကြောင်းတွေကို ပိုင်ဆိုင်ထားကြောင်းပြောပြ လိုက်သည်၊ ၎င်းတို့အားလုံးကိုသူ၏အတိတ်ရှာဖွေမှုများတွင်တွေ့ရှိခဲ့ သည်၊

ဒီသားရဲတွေကထိုအချိန်ကအတွေ့အများဆုံးသားရဲ များဖြစ်သည်၊ ထို့အပြင်၎င်းတို့၏ ဆင့်ကဲဖြစ်စဉ်နည်းလမ်းများသည်အတော်လေးလွယ်ကူ သည်၊ လူတစ်ဦးက စမ်းသပ်နေဆဲဆေးတစ်မျိုးကိုတိုက်ရိုက်ဖန်တီးနိုင်ပြီး, အကယ်၍သူတို့က အဆင့်မှီဆေးဝါးပစ္စည်းများကိုထုတ်နိုင်ခဲ့လျှင်, လူတစ်ယောက်ကအများအပြား ပြုလုပ်ကာ ၎င်းတို့၏နာမည်တက်လာချိန်တွင် ၎င်းကိုရောင်းချမှုများစွာပြုလုပ်နိုင် သည်၊

## စာစဉ် ၁၂

ကျီဟန့်ဝူကသူ့ကိုတကယ်မယုံပေ, ၎င်းကတည်ငြိမ်သည့်သားရဲဆင့်ကဲဖြစ်စဉ်ပစ္စည်း ကို ဖန်တီးရန်မလွယ်ပေ, ကောင်းဖန်က သားရဲအမျိုးအစားများစွာအတွက် ဆင့်ကဲပြောင်းလဲမှုအေးဂျင့်ကိုဖန်တီးနိုင်သည်ဟု ပြောခဲ့ဖူးသည်၊

သို့သော်အကြောင်းပြချက်မရှိဘဲသူ့မြေး၏စကားမျာ းကို အပြည့်အဝယုံကြည်လိုက် သည်၊

ကျီဟန့်ဝူက ခဏလောက်တိတ်ဆိတ်သွားသည်၊

“တကယ်လား? ငါ့မြေးကတအားတော်တာဘဲ! တကယ့်ဉာဏ်ကြီးရှင်ဘဲ!ငါအရမ်း ပျော်တာဘဲ, ဟားဟား”

ကျီဟန့်ဝူကသူ၏ချီးကျူးမှုတို့ဖြင့်ပြည့်နေမှုကို

စာစဉ် ၁၂

ဖုံးကွယ်ထားခြင်းမရှိဘဲ
ကောင်းဖန်၏ပုခုံးကိုပြင်းထန်စွာပုတ်လိုက်သည်၊

ကောင်းဖန်က
ရှက်ရွံ့စွာရယ်နေသောကျီဟာန့်ဝူကိုမကျေမနပ်ဖြင့်ကြည့်
လိုက်သည်၊

အဘိုး,
အဘိုးကသရုပ်ဆောင်အလုပ်နဲ့လိုက်ဖက်မှာဘဲ၊
ဖြစ်နိုင်ရင်ဦးလေးလျိုဆီကနေ သွားသင်သင့်တယ်?

ထိုအချိန်တွင်သတင်းစာဖတ်နေသောဦးလေးလျိုက
ရုတ်တရက်နှာချေလိုက်သည်၊

ကောင်းဖန်ကသက်ပြင်းချလိုက်သည်၊
ကြည့်ရတာအဓိကအချက်ဖြစ်ဖို့
သူလိုချင်တဲ့ရလဒ်ကိုထုတ်ဖို့လိုသေးတယ်နဲ့တူတယ်။

စာစဉ် ၁၂

ဒီစမ်းသပ်ချက်မှာလိုအပ်တဲ့သားရဲတွေကသိပ်ဈေးမ
ြီးပါ၊ သူကငင်းတို့ကိုဈေးမှ အချိန်မရွေးဝယ်နိုင်သည်၊ တစ်ခုတည်းသောအချက်မှာ ချန်အန်းပတ်ဝန်းကျင်ဒေသများတွင်နေထိုင်ကြသောသတ္တဝါများသည် ယွိကျိုးမြို့အနီးတစ်ဝိုက်ဒေသများတွင် ရှားပါးလာခြင်းဖြစ်သည်၊

ဒါကကောင်းဖန်ကြိုမမြင်မိတဲ့အချက်ဖြစ်တာကြော င့်, သူမှားသွားသည်၊

ပစ္စည်းကရှားပါးလာသောအခါ, ငင်းကပိုပြီးတန်ဖိုးရှိလာသည်၊ လိုအပ်သော ပစ္စည်းများနှင့်သားရဲများအတွက်ဈေးနှုန်းသည် ချန်အန်းမြို့၏ဈေးနှုန်းထက် အနည်းငယ်မြင့်မားသည်၊

ပစ္စည်းများအားလုံးကိုစုစည်းလိုက်သောအခါ ကောင်းဖန်သည်ပစ္စည်းများကိုစတင်

ပေါင်းစပ်လိုက်သည်၊ recoderကိုဘေးတွင်ထားပြီး စ၍မှတ်တမ်းတင်လိုက်ပြီး နောက်,ခေတ်ကူပစ္စည်းများပြုလုပ်ရန်ပြင်ဆင်ရာတွင် အလွှန်ရှုပ်ထွေးသောပစ္စည်းများ ကိုဆက်၍မလုပ်ဆောင်မှီ ကောင်းဖန်သည်အဖြူရောင်အင်္ကျီတစ်ထည်နှင့် အဖြူရောင်လက်အိတ်တစ်စုံ ကိုဝတ်ဆင်လိုက်သည်၊

သိပ်မကြာခင်တွင်ဘဲ, အနည်းငယ်သောခေတ်စမ်းပစ္စည်းများပြီးသွားပြီဖြစ်သည်၊

ကောင်းဖန်ကခေတ်စမ်းပစ္စည်းတစ်မျိုးကိုထုတ်လုပ်ပြီးတိုင်း သူသည်မှတ်တမ်းတင် ထားခြင်းကိုရပ်လိုက်သည်, ပြီးနောက်၎င်းကိုပြန်၍စတင်မည်ဖြစ်ကာ

ဓါတ်စမ်းပစ္စည်းတိုင်း၏ပြင်ဆင်မှုဗီဒီယိုများကို တစ်ခုနှင့်တစ်ခုသိခြားမှတ်တမ်းတင် ခြင်းဖြစ်သည်၊

"အဘိုး, ဓါတ်စမ်းပစ္စည်းတွေအဆင်သင့်ဖြစ်နေပါပြီ၊ ဒီကိုလာပြီးစစ်ဆေးကြည့်ပါဦး" ကောင်းဖန်ကအဘိုးကျီကိုဖုန်းခေါ်ကာပြောလိုက်သည်၊

အဘိုးကြီးကျီကအမြန်ရောက်လာခဲ့သည်၊ သူ့နောက်မှာတော့ လူကြီးပိုင်းတစ်ယောက်နှင့်လူလတ်ပိုင်းတစ်ယောက်ပါလာသည်၊သူတို့နှစ်ဦးလုံးသည်ဓါတ်ခွဲခန်းအကျီလဲရန် ပင်အချိန်မရှိခဲ့ပါ၊

"ဥက္ကဋ္ဌကျီ, ကျနော့်ရဲ့စမ်းသပ်မှုကတစ်ဝက်တစ်ပျက်ဘဲရှိသေးတာ" လူလတ်ပိုင်း အရွယ်နှင့်တစ်ယောက်ကသက်ပြင်းချလိုက်ပြီး

စာစဉ် ၁၂

သူ၏ခါးသီးသောခံစားချက်များကို အနည်းငယ်ပြလိုက်ပြီးကျီဟာန့်ဝူကိုကြည့်လိုက်သည်၊

ပြီးတော့ထိုစကားလုံးများကသူ့အဘိုးကိုတိုက်ရိုက်ပြောတာဖြစ်ပေမယ့်, ကောင်းဖန်က သူ့ကိုကြားစေရန်အတွက်ပြောမှန်းသိသည်၊

ဒီအကြောင်းကိုလာခဲ့တဲ့တစ်လျှောက်မှာဘာလို့မပြောခဲ့တာလဲ? အဲ့ဒီအစား, ကောင်းဖန်၏ခေတ်ခွဲခန်းကိုရောက်တဲ့အထိသူ့ပါးစပ်ကိုဖွင့်ကာသူပြောချင်တာအတွက်သူ့ဘေးမှာရပ်စောင့်နေခဲ့သည်၊

ကောင်းဖန်ကသူ့နှလုံးသားထဲတွင်ပြုံးလိုက်သည်၊

"ဒီလ နှစ်ဆယ်ရာခိုင်နှုန်းစမ်းသပ်မှုဘတ်ဂျတ်တိုးလာတယ်" ကျီဟာန့်ဝူကပြောလိုက် သည်၊

စာစဉ် ၁၂

လူလတ်ပိုင်းတစ်ယောက်ကပျော်ရွှင်စွာဖြင့်ကြည့်လိုက်ပြီး, ခါးသီးမှုနှင့်ဝမ်းနည်းမှုတို့ သည်မည်သည့်နေရာတွင်မှမတွေ့ရတော့ပေ၊ "ဥက္ကဋ္ဌကျီကအတော်လေးအမြော်အမြင် ရှိပါတယ်၊"

"ဖန်လေး, ဒီနှစ်ယောက်က အဘိုးတို့ကုမ္ပဏီကအဆင့်မြင့်သားရဲပျိုးထောင်သူတွေဘဲ ၊ ထုန်ယိမြောင်နဲ့ ရှီဟေးမင်" ကျီဟာန့်ဝူကကောင်းဖန်ကိုပြုံးပြီးနှုတ်ဆက်ပေးလိုက်သည်၊

ထုန်ယိမြောင်သည်လူကြီးလူကောင်းဖြစ်သည်၊ သူကတက်ကြွမှုတို့ဖြင့်ပြည့်နေသည်၊

ရှီဟေးမင်သည်သည် လူလတ်ပိုင်းတစ်ယောက်၏နာမည်ဖြစ်သည်၊ သူ့ခေါင်းထိပ်က အနည်းငယ်ပြောင်နေပုံရပြီး

အဆောက်အဦးထဲကအရောင်တောက်တောက်အောက်မှာပို၍တောင်တောက်ပနေပုံရသည်၊

တကယ်တော့,

သူကထိပ်ပြောင်တဲ့ထိပ်တန်းသုတေသီတစ်ဦးဖြစ်သည်!

ကောင်းဖန်မျက်ခွံကတွန့်သွားတော့သည်၊ သူကရှိုဟေးမင်ကိုမရီမပြုံးခပ်တည်တည်နှင့် ဂရုတစိုက်ကြည့်နေသည်၊

“ဒါကငါ့မြေးလေးကောင်းဖန်, အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူလေ!” ကျီဟန့်ဝူကထိုစကားလုံးသုံးလုံး “အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူ” ကိုပြောလိုက်သည်နှင့်, သူ၏အသံကခြွင်းချက်ဖြစ်သွားကာကျယ်သွားပြီး, သူ့မျက်နှာကအနည်းငယ်နီနေသည်၊

စာစဉ် ၁၂

သူတို့နှစ်ယောက်လုံးက အကူအညီမဲ့စွာဖြင့်ကောင်းဖန်ကိုအကြိမ်အနည်းငယ်ေ ောက် ထပ်ကြည့်လိုက်သည်၊ ဒီကလေးလေးကအရမ်းငယ်သေးသလိုဘဲ၊ ဘယ်လိုဘဲဖြစ်ဖြစ်, သူကြည့်ရတာအသက်နှစ်ဆယ်မကျော်သေးပုံဘဲ၊ အသက်နှစ်ဆယ်မကျော်တဲ့ အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူပေါ့။

ထန်ယိမြောင်နှင့်ရှီဟောမင်တို့က အတွင်းပိုင်းကိုသဘောကျကြသည်၊ အစပိုင်းက, သူတို့ကအထင်အမြင်သေးပေမယ့်, အခုတော့ အထင်သေးခြင်းတို့သည် လုံးဝကို ပျောက်သွားပြီဖြစ်သည်၊

စာစဉ် ၁၂

သူတို့နှစ်ယောက်လုံးကအစောပိုင်းကတည်းကသုေ
ေသီများဖြစ်သည်၊ ကပ်ဆိုးကြီး
မတိုင်ခင်ကသူတို့ကတိရိစ္ဆာန်ဗေဒပညာရပ်တွင်သုသေ
တီများဖြစ်ပြီး, ၎င်းတို့ကြားတွင်
နှစ်ပေါင်းများစွာသုတေသနအတွေ့အကြုံများရှိကြသည်၊
ထို့ကြောင့်သူတို့သည်
ဒီကိစ္စနှင့်ပတ်သတ်၍အလွန်အလေးထားမှုကမြန်သည်၊
တစ်ဖက်ကတိရိစ္ဆာန်,
တစ်ဖက်ကသားရဲ,သူတို့ကအခြေခံအားဖြင့်
တူညီသောအင်္ဂါရပ်များစွာရှိပါသည်၊

အခြားတစ်ဖက်တွင်,
ကောင်းဖန်သည်ငယ်ရွယ်သော်လည်း
သက်ဆိုင်ရာအသိပညာကို
စနစ်တကျကြိုတင်လေ့လာထားသော်လည်း

အကန့်အသတ်ရှိနေဆဲဖြစ်တာကြောင့်, အရည်အချင်းရှိရုံမျှသာဖြစ်သည်၊

တူညီသောအလုပ်အကိုင်ရှိသူများသည်ပို၍ထူးချွန်သူများကိုအမြဲတန်ဖိုးထားလေ့ရှိ သည်၊

“ဒီလိုငယ်ငယ်ရွယ်ရွယ်နဲ့သားရဲပျိုးထောင်သူဖြစ်ဖို့ဆိုတာက!” ထန်ယိမြောင်ကချီးကျူး လိုက်သည်၊

“ဟားဟားဟား, အဲ့လောက်လည်းမဟုတ်ပါဘူး၊ ဒီကလေးရဲ့အရည်အချင်းကတကယ်တော့သာမန်ပါဘဲ၊ မင်းတို့သူ့ကိုချီးကျူးနေတာရပ်လိုက်တော့, မဟုတ်ရင်ဒီကလေးက စိတ်ကြီးဝင်သွားလိမ့်မယ်”ကျီဟန့်ဝူကကျယ်လောင်ရယ်လိုက်သည်၊ သူကတခြားသူ တွေထက်ပိုပျော်နေပုံရသည်၊

စာစဉ် ၁၂

ရှီဟောမင်ရဲ့နှလုံးကတင်းကြပ်သွားတော့သည်၊ သူကဥက္ကဌကျီကိုအကြိမ်အနည်းငယ်လောက်မကြည့်ဘဲ မနေနိုင်ပေ၊ ဒါကသူသိခဲ့တဲ့ဥက္ကဌကျီလား...?

ဥက္ကဌကျီလက်အောက်တွင်လက်အောက်ငယ်သား တစ်ဦးဖြင့် စတင်လုပ်ကိုင်ကတည်းက ဥက္ကဌကျီသည် ဒီလိုမျိုးပျော်ရွှင်ရယ်မောနေခြင်းကိုတစ်ခါမှမမြင်ခဲ့ဘူးေ ေ၊

သူကမတူတဲ့ဥက္ကဌတစ်ယောက်ကိုတွေ့ပြီလို့တောင် ထင်နေတာ၊

“လိုက်ခဲ့ပါ”

ကောင်းဖန်ကဓာတ်ခွဲခန်းကိုဦးဆောင်သွားလိုက်သည်၊ ဓာတ်ခွဲခန်းစားပွဲ ပေါ်တွင်ဓာတ်စမ်းပစ္စည်းပုလင်းတစ်လုံးရှိသည်၊

စာစဉ် ၁၂

ကောင်းဖန်ကခဏလောက်တုံ့ဆိုင်းနေပြီးနောက်, သူကအနီရောင်ခါတ်စမ်းပစ္စည်း ကိုယူလိုက်သည်၊ ခါတ်စမ်းပစ္စည်းကလုံးဝကိုနီရဲနေပြီးကြည့်ရသည်မှာပြစ်နေပြီး အရည်မပျော်နိုင်သောသွေးရည်ကြည်နှင့်တူသည်၊

ပထမဆုံးစမ်းသပ်ချက်၊ ထုံးစံအတိုင်းသူက ၎င်းတို့အားထူးထူးခြားခြားလေးနက်သော ထင်မြင်ချက်ထားခဲ့သည်စမ်းသပ်ချက်တစ်ခုကိုပေးချင်သည်၊

ခါတ်ခွဲခန်းမှထွက်လာပြီးနောက်, ထန်ယိမြောင်ကနောက်ဆုံးထွက်လာသူဖြစ်ကာ, ကျန်ရှိနေသောစင်ပေါ်ရှိခါတ်စမ်းပစ္စည်းပုလင်းများကိုစူးစိုက်ကြည့်လိုက်သည်၊ ထို့နောက်သူကပြုံးလိုက်ကာ, တံခါးကိုပိတ်လိုက်သည်၊

စာစဉ် ၁၂

“ကျနော်ကဒါကို ဘလက်ဒီဘတ်ချာလို့ခေါ်တယ်၊” ကောင်းဖန်ကသူ့လက်ထဲက ပစ္စည်းကိုမိတ်ဆက်ပေးပြီးတခြားသူတွေကိုရှင်းရှင်းလင်းလင်းပြောပြသည်၊ “ဒီဆေးပစ္စည်းမှာ အဓိကပါဝင်ပစ္စည်းတွေကတော့, သွေးသစ်သီး, ရွှေမျှင်မှိုနှင့် ပင့်ကူနက်မှော်တွေရဲ့အတွင်းအင်္ဂါတွေပါတယ်၊”

ကောင်းဖန်က အခြားပစ္စည်းများကိုအတိုချုံးပြောပြသည်၊

သားရဲများပါဝင်သောအခန်းသို့ရောက်ရှိလာကြသည်၊ ကောင်းဖန်သည်မှန်ပြတင်း ပေါက်ခြားထားသောညွှန်ပြလိုက်သည်, “ဘလက်ဒီဘတ်ချာစမ်းသပ်မှုအတွက် စမ်းသပ်မှုအစမ်းသပ်ခံက

စာစဉ် ၁၂

မျောက်ဝံအမျိုးအစားသားရဲဖြစ်တဲ့အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်ပါ”

အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်သည်အခန်း၏အလယ်တွင်ငြိမ်သက်စွာ အိပ်နေသည်၊ သူကမလှုပ်ရှားဘဲဝမ်းဗိုက်ကိုအပေါ်ဘက်သို့မျက်နှာမူထားသည်၊ တစ်ခါတစ်ရံဗိုက်ကိုညင်သာစွာပွတ်သပ်ရင်းအလွန်ပျင်းရိပုံရပြီး ပြတင်းပေါက်ကနေ သူ့ကိုကြည့်နေသူတွေကိုသတိမထားမိပေ၊ သူကနှာခေါင်းကိုအေးအေးဆေးဆေး ကိုင်လိုက်ပြီးပြတင်းပေါက်ဘက်သို့ပေါ့ပေါ့တန်တန်တိုးလာသည်၊

ထို့နောက်ၡင်းကသူ့ဗိုက်ကိုကိုင်ကာကြမ်းပြင်ပေါ်တွင်လူးလဲကာလျှောင်ပြောင် ရယ်မောလိုက်သည်၊

စာစဉ် ၁၂

ကောင်းဖန်ကအခန်းတံခါးဘေးရှိအနီရောင်ခလုတ်ကို တည်ငြိမ်စွာဖြင့်နှိပ်လိုက်သည်၊ ထို့နောက်ချက်ချင်းပင်အခန်းထိပ်မှ, များစွာသောပြွန်နှုတ်သီးများထွက်လာပြီး ဖောက်ခနဲထွက်လာကာ များပြားသောမေ့ဆေးများကိုအခန်းအတွင်းသို့ဖြန်းလိုက်သည်၊

စက္ကန့်အနည်းငယ်ကြာပြီးနောက် အနက်ရောင်မာန်ဟုန်ပြင်းကင်ကောင်၏ ရယ်သံသည်အိပ်ပျော်သွားသည်နှင့်အမျှ အသံပိုပျော့လာသည်၊

နောက်ထပ်ငါးမိနစ်အကြာတွင် ကောင်းဖန်သည်ထုံဆေးဖြန်းမှုကို အိတ်ဇောစက်မှ

လေဝင်လေထွက်ကောင်းကြောင်းအတည်ပြုသောအခါ တွင် သူသည်တံခါးကိုဖွင့်ပြီး အခန်းထဲသို့ဝင်သွားသည်၊

သူသည်အနက်ရောင်မာန်ဟုန်ပြင်း၏သွေးလွှတ်ေ ြ ြေ ာထဲသို့ခါတ်ပစ္စည်းများကို ထိုးသွင်းခဲ့သည်၊

ထို့နောက်,
ကောင်းဖန်ကအခန်းထဲကထွက်လာတော့သည်၊

အခန်းထဲတွင်,
အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်သည်မြေပြင်ပေါ် တွင် လဲလျောင်းနေမှုမှစတင်တွန့်လိမ်လာသည်၊ အစပိုင်းမှာ, ၎င်း၏လက်မောင်းများက တုန်ခါသွားပြီး,အကြောဆွဲသလိုဖြစ်သွားပြီးနောက်, ထိုတုန်ခါမှုကပို၍ပြင်းထန်လာ ကာမကြာခဏဆိုသလိုပြင်းထန်လာသည်၊

စာစဉ် ၁၂

“ဟမ်?”

ကျီဟန့်ဝူကတစ်မူထူးခြားသောသဘာဝဖြစ်စဉ်ကိုပထမဆုံးရှာတွေ့သူဖြစ် သည်၊

ပဲစေ့လောက်ရှိသောသွေးစက်ကအနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်၏အမွေးများဖြင့်ဖုံးအုပ်မထားသောမြင်သာသောအရေပြားပေါ်တွင်ပေါ်လာသည်၊ ထိုအစက်က ပေါက်ထွက်သွားပြီးသွေးမြူအခိုးအငွေ့များထွက်လာကာအနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်၏ဘေးပတ်လည်တွင်ပေါ်လာတော့သည်၊

အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်၏ကြွက်သားများသည် ရှုံ့သွပ်နေသလိုမျိုးဆက်၍ဆန့်တငင်ငင်ဖြစ်နေချိန်တွင်

စာစဉ် ၁၂

သွေးမြူအခိုးအငွေ့များကလည်းပို၍ပို၍ ထူထပ်လာသည်၊ ကြီးမားသောစပါးကြီးမြွေကဝဲလိုမျိုး လှုပ်နေသည့်၎င်း၏အရေပြား အောက်တွင်ဖြစ်လာသည်၊ ၎င်းကအလွန်ဆိုးရွားပြီးထူးဆန်းပုံရသည်။

***

စာစဉ် ၁၂

## အပိုင်း၁၈၅ သွေးမာန်ဟုန်ခွင်းကင်းကောင်

ဒါကခေတ်စမ်းပစ္စည်းရဲ့အကျိုးသက်ရောက်မှုတွေလ
ား?

ထန်ယိမြောင်ကကောင်းဖန်ကိုကြည့်လိုက်သည်၊
ဘယ်လိုဘဲဖြစ်ဖြစ် အလုပ်ဖြစ်မဖြစ်
ကိုပြင်းထန်တဲ့တုန့်ပြန်မှုကိုအနည်းဆုံးတော့သူကြည့်နိုင်
သည်၊ အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်သည်
ခေတ်ပစ္စည်းများကိုအသုံးပြုသောအခါတွင်ပြင်းထန်သေ
ာ တုံ့ပြန်မှုတစ်ခုရှိသည်၊
စိတ်ဝင်စားစရာကောင်းတာကိုစောင့်ကြည့်ရမှာဘဲဖြစ်သ
ည်၊

စာစဉ် ၁၂

နောက်ပြီး,
ဆီပူအိုးထဲကိုရေတစ်စက်ထည့်ရင်တုံ့ပြန်မှုရှိလာမှာလား
?

သေချာပေါက်ပေါ့၊

တူညီတဲ့တွေးခေါ်မှုပိုင်းအရ,
ပစ္စည်းနှစ်ခုကိုဒီလိုမျိုးရောလိုက်သောအခါ ပြင်းထန်တဲ့
တုံ့ပြန်မှုများသည် သုတေသနပြုတန်ပါသည်၊

ဒါကိုထန်ယိမြောင်ကတန်ဖိုးထားသည်၊
သူကကျရှုံးမှာကိုမကြောက်ပေ၊
မအောင်မြင်ရင်တောင်မှဒီစမ်းသပ်မှုကနေအသုံးဝင်တဲ့အ
ရာများစွာကိုရှာဖွေတွေ့ရှိနိုင် ပါသည်၊

အချိန်ကြာလာသည်နှင့်အမျှအနက်ရောင်မာန်ဟုန်ပြ
င်းကင်းကောင်၏တုံ့ပြန်မှုသည် ပိုပြီးပြင်းထန်လာသည်၊
သူ့ခန္ဓာကိုယ်ထဲကသွေးတွေကိုစိုစွတ်သွားစေသလိုမျိုး

သူ၏အမွေးများလည်းစိုစွတ်သွားသည်၊
ဒါကရင်းကိုပိုပြီးကြောက်စရာကောင်းစေသည်၊

အရင်ကသတိလစ်နေသောအနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်သည် နိုးလာတော့သည်၊
၎င်းကနိုးလာပြီးနောက်,
သာမန်ထက်လွန်ကဲစွာကြမ်းကြုတ်လာပြီး
ကောင်းကင်သို့ဦးတည်ကာရူးသွပ်စွာဖြင့်ဟိန်းလိုက်သည်၊

၎င်းကသူ၏ရင်ဘတ်ကိုသန်မာသောလက်မောင်းများဖြင့်တဒုန်းဒုန်းထုကာ
ကျယ်လောင်သောတဗြုန်းဗြုန်းမြည်သည့်ဆူညံသံကိုပြုလုပ်နေသည်၊

အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်သည်
သိသိသာသာကိုနာကျင်နေသည်၊ ၎င်းက

နံ့ရံ့ကိုအားဖြင့်ထုရိုက်နေသည်၊ နံ့ရံ့ကအထူးသတ္တုဖြင့်ပြုလုပ်ထားတာကြောင့်, သူတို့ကအရမ်းမာကျောပြီးအနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်သည်ငင်းကို ချိုးဖျက်ကာအန္တရာယ်ပြုနိုင်စွမ်းမရှိပေ၊ သာမန်အဆင့်သားရဲတစ်ကောင်က သတ္တုစပ်နံ့ရံ့ကိုဖျက်ဆီးနိုင်လျှင်တော့အတော်ကိုကြောက်စရာကောင်းလိမ့်မည်၊

အသံလုံသည့်စနစ်ဖြင့်ပင့်အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်၏အော်သံများက ထွက်လာနေဆဲဖြစ်သည်၊

နောက်ဆုံးတွင်, ထူပြစ်သောသွေးရောင်အလင်းတစ်ခုက ၎င်း၏အမွှေးများအောက်မှ စတင်ပေါ်လာသည်၊ အလင်းက၎င်း၏တစ်ကိုယ်လုံးကိုလွှမ်းခြုံနေသည်၊

စာစဉ် ၁၂

“အဲ့တာတိုးမြှင့်နေတယ်၊ အဲ့တာတကယ်ကိုတိုးမြှင့်နေတယ်!” ရှီဟောေးမင်၏နှလုံးခုန်မှု ကရုတ်တရက်မြန်လာတော့သည်၊

သူ့မှာခံစားချက်တွေအမျိုးမျိုးရှိနေပေမယ့် အဲ့ဒါတွေကဘာတွေလဲဆိုတာကိုသူမပြော နိုင်ပေ၊ မနာလိုခြင်း, အားကျခြင်း,နှင့်အခြားသောရှုပ်ထွေးသောစိတ်ခံစားမှု အမျိုးမျိုး ဖြစ်သည်၊

လက်တွေ့စမ်းသပ်မှုကအောင်မြင်ခဲ့သည်၊

သွေးရောင်အလင်းတန်းတွေထဲလွှမ်းခြုံထားတဲ့ အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်ဆီက ထွက်လာတဲ့အသံသည်

တဖြည်းဖြည်းသဲသဲကွဲကွဲမကြားရဘဲအသံတွေပြာနေ
တော့သည်၊

ထူထဲသောသွေးရောင်လက်တစ်စုံကအလင်းထဲက
ထွက်လာသည်၊ ၎င်းကိုဖြတ်သွား
ကာအနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်ထွက်လာေ
ေ့သည်၊

သို့ပေမယ့်,၎င်းကအနက်ရောင်မာန်ဟုန်ပြင်းကင်းေ
ောင်တော့မဟုတ်တော့ပေ၊

[မကောင်းဆိုးဝါးအမည်]–
သွေးမာန်ဟုန်ခွင်းကင်းကောင်(အထူးသွေးဆင့်ကဲဖြစ်စဉ်
)

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၁၈

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

စာစဉ် ၁၂

[မကောင်းဆိုးဝါးစွမ်းရည်]–သွေး

[မကောင်းဆိုးဝါးနှစ်သက်မှု]–တိတ်ဆိတ်ခြင်းနှင့်ပေါ့ပါးသောဂီတ

[မကောင်းဆိုးဝါးအားနည်းချက်]–၁–အနာရင်းသွေးဘယ်ရီ,၂–နံ့ကောင်။

[ပြီးပြည့်စုံသောအဆင့်သို့တိုးမြှင့်ရန်အတွက်လိုအပ်ချက်များ];– အဆင့်မြင့်သွေးဆင့်ကဲဖြစ်စဉ်

ငင်းကဆင့်ကဲတိုးမြှင့်ရန်အတွက်လမ်းကြောင်းတစ်ခုသာရှိသည်၊ ဆိုလိုသည်မှာ အကယ်၍သွေးဆင့်ကဲဖြစ်စဉ်ကိုသားရဲအတွက်တစ်ကြိမ်အသုံးပြုလိုက်လျှင်, ငင်းကနောက်ထပ်တစ်ကြိမ်ဆင့်ကဲပြောင်းလဲချင်ပါက သွေးဆင့်ကဲဖြစ်စဉ်ကိုတစ်ကြိမ် သာထပ်ပြီးအသုံးပြုလို့ရတော့မည်၊

ဒါကကောင်းဖန်ဒီလမ်းကြောင်းကိုရွေးတဲ့အကြောင်း
အရင်းဖြစ်သည်၊ သွေးဆင့်ကဲဖြစ်
စဉ်သည်အရမ်းကိုသီးသန့်ဆန်သည့်နည်းလမ်းဖြစ်သည်၊
၎င်းကိုရွေးချယ်ခြင်းသည်
အခြားမည်သည့်အရာကိုမျှရွေးချယ်နိုင်မည်မဟုတ်ဟု
ဆိုလိုခြင်းဖြစ်သည်၊

တစ်နည်းဆိုရသော်,
အကယ်၍တစ်စုံတစ်ယောက်ကသွေးဆေးဝါးကိုဒီနေရာ
မှာ ဝယ်ခဲ့လျှင်,
၎င်းတို့၏သားရဲကိုပြီးပြည့်စုံသောအဆင့်သို့မြှင့်တင်လိုပါ
က
အခြားအဆင့်မြင့်သွေးဆေးကိုနောက်ထပ်ဝယ်ရန်လိုအပ်
မည်ဖြစ်သည်၊

စာစဉ် ၁၂

သွေးမာန်ဟုန်ခွင်းကင်းကောင်သည်လူအနည်းငယ်၏အာရုံစူးစိုက်ခြင်းကိုခံရသည်၊

၎င်း၏အနီရောင်အမွေးများသည်စွဲမက်ဖွယ်ကောင်း၍ ပြီးမျက်စိကိုဖမ်းစားသည်၊ ခွန်အားကယာယီသာဖြစ်ပြီးချောမောလှပခြင်းကဘဝအတွက်ဖြစ်သည်၊

ယခင်ကရှိခဲ့သောအနက်ရောင်အမွေးများနှင့်နှိုင်းယှဉ်ကြည့်ပါကယခုရှိနေသည့် သွေးနီရောင်သည်အလွန်ထင်ရှားလှသည်၊ အလယ်တန်းကျောင်းသားတွေ သဘောကျမှာသေချာသည်၊

"ဒီဆေးကိုဖန်တီးခဲ့တာလား?" ထန်ယိမြောင်ကအံ့ဩစွာဖြင့်မေးလိုက်သည်၊

စာစဉ် ၁၂

“ဟုတ်ကဲ့,

သုတေသနအနေနဲ့တီထွင်ဖန်တီးမှုတွေအပါအဝင်ပေါ့၊ ကျနော်က ပါဝင်ပစ္စည်းတွေရဲ့အချိုးကျကျပေါင်းစပ်မှုကိုလည်းရှာတွေ့ခဲ့တယ်၊” ကောင်းဖန်က တည်ငြိမ်စွာဖြင့်ပြောလိုက်သည်၊ ဒါကသူ့ရဲ့ကိုယ်ပိုင်အရည်အချင်းဖြစ်သည်၊

ထန်ယိမြောင်ကပိုပြီးတောင်အံ့သြနေသေးသည်၊ ငယ်ရွယ်သောမျိုးဆက်တွေက ယခုလက်ရှိမျိုးဆက်တွေထက်သေချာပေါက်ကိုသာလွန်မှာဖြစ်သည်၊

ကျီဟာန့်ဝူကချောင်းဆိုးလိုက်သည်၊ “ဒီလိုသားရဲမျိုးဘယ်သူမှရှာမတွေ့သေးဘူး, ဟုတ်တယ်မလား?”

“ဟင့်အင်း, ဒီလိုလူဝံအမျိုးအစားမျိုးလက်ရှိမှာမရှိသေးဘူး” ထန်ယိမြောင်က ထိုအကြောင်းကိုစဥ်းစားလိုက်ပြီးနောက်ခေါင်းယမ်းလိုက်သည်၊

“ဒီသားရဲကိုမင်းနာမည်ပေးဖူးလား?” ကျီဟန့်ဝူကမေးလိုက်သည်၊ “မင်းကဒီသားရဲ အမျိုးအစားကိုပထမဆုံးဖန်တီးသူဘဲ၊ ဒါကြောင့်မင်းနာမည်ပေးသင့်တယ်”

“သွေးမာန်ဟုန်ခွင်းကင်းကောင်” ခဏလောက်စဥ်းစားလိုက်ပြီးနောက် ကောင်းဖန်က ဒေတာအချက်အလက်ထဲကနာမည်ကိုသာပေးဖို့ဆုံးဖြတ်လိုက်သည်၊ ဒါကသူ့ကို မရှုပ်ထွေးစေဘဲပိုလွယ်စေသည်၊

စာစဉ် ၁၂

“ဆေးတွေကလုပ်ဖို့အရမ်းကုန်ကျလား?” ရှီပြောမင်ကမေးလိုက်သည်၊

“အရမ်းမများပါဘူး၊ တိုးမြှင့်မှုကုန်ကျစရိတ်က မဟာမိတ်ခရက်ဒစ်ခုနစ်မှတ်ပါ”

မဟာမိတ်ခရက်ဒစ်တစ်မှတ်သည် ၁ဝ,ဝဝဝခရက်ဒစ်ဒေါ်လာနှင့်ညီမျှသည်၊ မဟာမိတ်ခရက်ဒစ်၇မှတ်ဆိုလျှင် ၇ဝ,ဝဝဝခရက်ဒစ်ဒေါ်လာဖြစ်သည်၊

ဒါကဈေးချိုနေတာတော့မဟုတ်ပေ, ဒါပေမယ့်ဒါကသားရဲအတွက်ဖြစ်သည်၊ သားရဲများ၏တိုးမြှင့်ခြင်းသည်အမြဲတမ်းအဆင့်မြင့်မှုနှင့်အဆုံးသတ်သည်၊

“ငါတို့သွေးမာန်ဟုန်ခွင်းကင်းကောင်ရဲ့အဆင့်အတန်းကိုစစ်ဆေးကြည့်ရအောင်”

စာစဉ် ၁၂

ရှီဟေားမင်ကပြောလိုက်သည်၊ သိပ်မကြာခင်တွင်, မျက်မှန်အနက်တပ်ထားသော လှပသည့်မိန်းကလေးကအနက်ရောင်သေတ္တာတစ်ခုဖြင့် ရောက်လာသည်၊ သူမဝတ်ထားသည့်ခါတ်ခွဲခန်းအင်္ကျီသည်လှပမှုကိုတော့ ဖုံးကွယ်မထားနိုင်ပေ၊

“ဒါကယွိကျိုးတက္ကသိုလ်ကဒုတိယကျောင်းသူ, ကျနော့်တူမလေး ရှီချင်းဇီ၊ နွေရာသီအားလပ်ရက်မှာသူမကဒီကိုအလုပ်လာလုပ်တာ” ရှီဟေားမင်ကပြုံးကာရှင်းပြလိုက် သည်၊ ထို့နောက်အနက်ရောင်သေတ္တာကိုယူကာဖွင့်လိုက်သည်၊ အတွင်းတွင် အထူးစီရင်ထားသည့်အနက်ရောင်ကျောက်တုံးရှိသည်၊

စာစဉ် ၁၂

ရှီဟေးမင်ကကျောက်တုံးကို ထုတ်လိုက်ပြီးနောက် အနက်ရောင်သေတ္တာကိုပိတ်လိုက်သည်၊

ကျီဟာန်နဲ့ဝူနှင့်ထန်ယိမြောင်၏အကြည့်တွေက ထိုကျောက်တုံးဟာဘာအတွက်လဲ ဆိုတာကိုသိသည်၊

ကောင်းဖန်က ထိုကျောက်တုံးသည်သားရဲ၏အဆင့်အတန်းကိုစမ်းသပ်နိုင်စွမ်းရှိတာလားဆိုတာကို သိချင်နေသည်?

"ဒါကဝိညာဉ်သလင်းမီးတောင်ထွက်ကျောက်ပါ၊ ဒါကစီရင်ထားတဲ့သဘာဝကျောက် တစ်မျိုးဘဲ၊ စီရင်ပြီးတဲ့နောက်, ကေရာဇ်အဆင့်ရှိတဲ့ဘယ်သားရဲမဆိုစမ်းသပ်ပြီး အသုံးပြုလို့ရတယ်၊"

ရှီချင်းဇီကရုတ်တရက်ကောင်းဖန်အနားသို့ရောက်လာပြီး သူ့ကိုရှင်းပြလိုက်သည်၊

စာစဉ် ၁၂

သူကကောင်းဖန်ကြည့်နေတာကိုတွေ့တော့ သူ့ကိုပြုံးပြလိုက် သည်၊

“သူတို့ကိုဘယ်လိုစီရင်တာလဲ?” ကောင်းဖန်ကစူးစမ်းစွာနှင့်မေးလိုက်သည်၊

ရှီချင်းဇီကသူ့မနူတ်ခမ်းကိုတစ်ဖက်သို့ပင့်လိုက်သည်၊ “ငါနှင့်ကိုအချိန်တစ်နာရီအတွင်း တော့ရှင်းပြနိုင်မှာမဟုတ်ဘူး၊ ဘာလို့ငါတို့အချိန်ရှာပြီးအသေးစိတ်ကျကျဆွေးနွေးဖို့ မလုပ်ရမှာလဲ?”

“မလိုပါဘူး, ဒီတိုင်းမေးကြည့်တာ” ကောင်းဖန်ကသူ့ခေါင်းကိုယမ်းလိုက်သည်၊ သူ့မှာသားရဲတွေရဲ့အဆင့်တွေကိုကြည့်ဖို့အတွက်ဒေတာ အချက်အလက်ဇယားရှိသည်၊

စာစဉ် ၁၂

သူကဝိဉာဉ်သလင်းမီးတောင်ထွက်ကျောက်ကိုသုံးဖို့မလိုအပ်ပေ၊

ရှီချင်းဇီက ကြက်သေသေသွားပြီး, သူမ၏အပြုံးကိုမျက်နှာပေါ်မှာဆက်ထိန်းထားရသည်၊

“ရလဒ်ထွက်လာပြီ၊ ဒါကအထူးအဆင့်အတန်းဘဲ!၊ ငါတို့အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်အဆင့်အတန်းကို မစမ်းသပ်ခဲ့တာရှက်စရာဖြစ်သွားပြီ၊ မဟုတ်ရင်ငါတို့ဆေးအာနိသင်ကိုချက်ချင်းအတည်ပြုနိုင်မှာဘဲ၊ ဒါတောင်ဆေးရဲ့ထိရောက်မှုက ဇဇရာခိုင်နှုန်းအတိုင်းအတာအထိသက်သေပြနေတယ်၊” ရှီဟောမင်ကဝမ်းနည်းစွာဖြင့် ဝိဉာဉ်သလင်းမီးတောင်ထွက်ကျောက်အားကောင်းဖန်ကိုပေးကာပြောလိုက်သည်၊

ဝိညာဉ်သလင်းမီးတောင်ထွက်ကျောက်သည်မှန်တစ်ချက် လိုကြည်လင်သည်အထိ ပွတ်တိုက်ပေးရသည်၊ ထိုနေရာတွင်အပြာရောင်ဖျော့ဖျော့အလင်းက အလင်းပြန်မှု အလယ်တွင်ပေါ်နေသည်၊

"အပြာရောင်ပြတာက သားရဲရဲ့အထူးအဆင့်ကိုပြတာလား?" ကောင်းဖန်ကစူးစမ်း လျက်မေးလိုက်သည်၊

"ဟုတ်တယ်၊ အကယ်၍အဲ့တာကသာမန်အဆင့်အတန်းဆိုရင်, အရောင်ကအဖြူရောင် ဖြစ်နေမှာ၊ အထူးအဆင့်ကအပြာ၊ ပြီးပြည့်စုံခြင်းအဆင့်ကခရမ်း, ထူးခြားအဆင့်က လိမ္မော်" ရှိုဟေးမင်ကရှင်းပြလိုက်သည်၊

စာစဉ် ၁၂

ကောင်းဖန်ကနားထောင်နေပြီးသူ၏အမူအရာကပြေ
ာင်းလဲလာသည်၊

“ဒဏ္ဍာရီလာအဆင့်အတန်းဆိုရင်ရော?”
ကောင်းဖန်ကမနေနိုင်စွာဘဲမေးလိုက်သည်၊

“ဟားဟား,ဒဏ္ဍာရီလာအဆင့်ကအရမ်းရှားတယ်၊
လူအများစုကသူတို့ဘဝတစ်လျှောက်မှာမတွေ့ဖူးသေးဘူ
း၊ ဒါပေမယ့်,ငါကတစ်ကြိမ်မြင်ခဲ့ဖူးရင်ကံကောင်းလို့ဘဲ၊
ငါ့အထင် ဒဏ္ဍာရီလာအဆင့်က
အနီတောက်တောက်ဖြစ်မယ်ထင်တယ်၊”
ထန်ယိမြောင်ကပြော လိုက်သည်၊

“ဒီဝိဉာဉ်သလင်းမီးတောင်ထွက်ကျောက်…အဆင်
မပြေသလိုဘဲ”

“ဒါကအဆင်ပြေပါတယ်၊
ခင်ဗျားမှာသားရဲရဲ့အဆင့်ကိုစမ်းသပ်ဖို့ကိရိယာတစ်ခုရှိ

လို့ ဆေးတွေကိုအကုန်စမ်းသပ်ကြည့်ရအောင်၊”
ကောင်းဖန်ကလှည့်ကာစကားပြောပြီး
နောက်ခာတ်ခွဲခန်းမှထွက်သွားတော့သည်၊
ပြန်ရောက်လာတော့သူ့လက်ထဲတွင်
ဆေး၃မျိုးတောင်ပါပြီး,
တစ်ခုချင်းစီကတစ်ရောင်စီဖြစ်သည်။

အဝါဖျော့, မီးခိုးဖြူရောင်,
ပြီးနောက်ရွှေရောင်ညစ်ညစ်၊ ကောင်းဖန်၏လက်ထဲတွင်
ရှိသောပွန်သုံးမျိုးသည်အရောင်စုံလင်လှသည်၊

***

စာစဉ် ၁၂

# *အပိုင်း၁၈၆ တော်ဝင်ဆေး*

ကောင်းဖန်၏လက်ထဲမှဆေးပြွန်သုံးခုကိုကြည့်လိုက်ချိန်တွင် ကြည့်နေသူများ အသက်ရှူကျပ်လာတော့သည်၊

ပထမတော့သူတို့ကသူ့ကိုအလေးအနက်မထားကြဘူး၊ နောက်ဆုံးတော့, ခေတ်စမ်း
ပစ္စည်းဖန်တီးဖို့ကမခက်ပါဘူး၊
အခြေခံကျောင်းသားများပင်သူတို့လိုချင်လျှင်
ဒါဇင်ပေါင်းများစွာလုပ်နိုင်သည်၊ သေချာတာပေါ့,
လုပ်ထားတဲ့အရာတွေရဲ့
အရည်အသွေးတွေပေါ်မှတော့အာမခံချက်မရှိဘူး၊

ဒါပေမယ့်,
ကောင်းဖန်သာမန်လူသူတစ်ဦးမဟုတ်ပေ၊

စာစဉ် ၁၂

အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်နဲ့ ခုနလေးတင်ဖြစ်ပျက်ခဲ့သောအရာတွေက သူ၏အရည်အချင်းကိုပြသပြီးဖြစ်သည်၊

ဖြစ်နိုင်လား…

ကျီဟာန့်ဝူတောင်ဘဲအံ့ဩနေမိသည်၊ သူကဒီခေတ်စမ်းပစ္စည်းပြွန်သုံးခု၏တန်ဖိုးကို သူကောင်းကောင်းနားလည်သည်၊

သူ့မြေးကသူ့ကိုတကယ်ကိုအံ့ဩစရာကောင်းအောင် လုပ်ပေးလိုက်တာဘဲ…

ကျီဟာန့်ဝူကသူ့မြေးကသူ့ကိုပစ္စည်းတွေရှာပေးဖို့ပြေ ာသတော့ရယ်နေခဲ့သည်၊ သူကကလေးတစ်ယောက်လုပ်သလိုတစ်ခုခုလုပ်ကြည့်ချ င်တာလို့ထင်ခဲ့သည်၊ ကြည့်ရတာဟုတ်ပုံမရဘူး၊

စာစဉ် ၁၂

ဒီလိုမှမဟုတ်ရင်ရောဘာဖြစ်လဲ? သူကငါ့မြေးဘဲ! သူကကျီဟန့်ဝူရဲ့မြေးဘဲ!

ကျီဟန့်ဝူကသူ့အတွေးတွေကိုရှင်းလင်းလိုက်ကာ အခြေအနေကိုအပြည့်အဝနားလည်သွားပြီးနောက် သူ့လေသံကိုလေးနက်သည့်အသံသို့ပြောင်းလိုက်သည်၊ သူကဒီထဲမှာ
ရှိတဲ့လူတွေအားလုံးကိုစူးရှတဲ့အကြည့်တွေဖြင့်ကြည့်လိုက်သည်၊ "ဒီနေ့ဖြစ်ခဲ့တာတွေ
ကကုမ္ပဏီရဲ့လျှို့ဝှက်ချက်ဘဲ၊
ဖြစ်ခဲ့တာတွေကိုဘယ်သူ့ကိုမှမမျှဝေဖို့တားမြစ်တယ်"

"နားလည်ပါပြီ"သူတို့ထဲကတစ်ဦးကပြောသည်၊
"ဥက္ကဋ္ဌကျီနားလည်ပါပြီ"
နောက်တစ်ယောက်ကပြောလိုက်သည်၊
သူတို့အားလုံးကနားလည်ကြောင်းခေါင်းညိတ် ပြသည်၊

စာစဉ် ၁၂

ကျီဟာန့်ဝူကခေါင်းညိတ်လိုက်သည် , ရှီဟေးမင်ကသူ့ရဲ့ယုံကြည်ရတဲ့လက်ထောက်တစ်ဦးဖြစ်သည်၊ ရှီဟေးမင်အကို, ရှီဟေးထင်သည် တောင်ပိုင်းကောင်းကင်အဖွဲ့၏ လုံခြုံရေးခေါင်းဆောင်ဖြစ်သည်၊ ရှီဟေးမင်ကသူ့အကိုကိုလုံခြုံရေးဌာနခေါင်းဆောင်အဖြစ် ကျီဟာန့်ဝူ၏ယုံကြည်မှုပမာဏကိုပုံဖော်ကြည့်နိုင်သည်၊

ကျီဟာန့်ဝူအတွက်တော့, ဒီခါတ်စမ်းပွည်းတွေကအသေးအဖွဲဖြစ်သည်၊ ဒီခါတ်ပစ္စည်း တွေရဲ့အကျိုးကျေးဇူးတွေကသူ့အတွက်အကျိုးရှိစေတယ်ဆိုရင်တောင် အရေးမကြီးပေ၊

သူကတကယ်တန်ဖိုးထားတာကသူ့မြေးရဲ့လုံခြုံရေးဖြစ်သည်၊

သူ့မြေးရဲ့အရည်အချင်းတွေကိုတခြားသူတွေသိလျှင်သူ့မြေးကိုအန္တရာယ်ဖြစ်စေနိုင် သည်၊

သူ့မြေးကိုအလွန်အကျွံအကာအကွယ်ပေးတဲ့ပြင်းထန်သောကိစ္စမျိုးကြုံဖူးသူတစ်ဦး အနေဖြင့်ကောင်းဖန်ကိုမည်သည့်အန္တရာယ်မျိုးနှင့်မဆိုထိတွေ့ခွင့်ပြုမည်မဟုတ်ပေ၊

ဒီဆေးသုံးမျိုးကိုမြေကြီးဆေးအမျိုးအစားတစ်, ရေနံခါတုပစ္စည်းဆေးအမျိုးအစား တစ်နှင့်တော်ဝင်ဆေးဆိုပြီးနာမည်ပေးလိုက်သည်၊

ရေနံခါတုဆေးကိုကြီးမားသောပုရွက်ဆိတ်ကိုဆိုလိုသည်၊

စာစဉ် ၁၂

ကြီးမားသောပုရွက်ဆိတ်အမျိုးအစားသည်သာမန်ပုရွက်ဆိတ်အမျိုးအစားဖြစ်သည်၊

၎င်း၏တစ်ကိုယ်လုံးအဝါညိုရောင်,၎င်း၏ခြေလက်များကရှည်လျားပြီး ၎င်း၏နှဖူးများက

ကြွက်သားများဖြင့်ပြည့်နေသည်၊ ၎င်းကအများအားဖြင့် ငါးပေနှင့် ခုနစ်ပေကြားအထိရှည်သည်၊

၎င်း၏ထူးခြားသောသွင်ပြင်လက္ခဏာမှာ၎င်း၏ခွန်အားပြ ြစ်ပြီး, ၎င်း၏တစ်ပန်းသာမှုက သန်မာမှုဖြစ်သည်၊

ကြီးမားသောပုရွက်ဆိတ်သည်အရင်အကောင်၏အရည်အချင်းများ ကိုလက်ခံရရှိပြီး

၎င်းတို့သည်အလေးချိန်အဆ၃၀ရှိသောအရာများကိုသယ်နိုင်စွမ်းရှိ သည်၊

၎င်း၏အလေးချိန်ကိုတွက်ချက်ကြည့်လျှင်

၎င်း၏အလေးချိန်အဆ၃၀ရှိသော

စာစဉ် ၁၂

အရာတစ်ခုကိုသယ်ဆောင်နိုင်ခြင်းမှာ ကြောက်စရာကောင်းလှသည်၊

တစ်ခုတည်းသောအားနည်းချက်မှာ အလွန်လျင်မြန်မှုမရှိခြင်းဖြစ်သည်၊၎င်းက ခုခံမှုတွင်လည်းအားနည်းပြီး အကွာအဝေးတိုက်ခိုက်မှုလည်းနည်းပါးသည်၊

“အကွာအဝေးတိုက်ခိုက်မှုတွေမရှိတာက အရင်ခေတ်ကသားရဲတွေကြားမှာလည်း ဖြစ်ရိုးဖြစ်စဉ်တစ်ခုဖြစ်သည်၊” ကောင်းဖန်ကပြောလိုက်သည်၊

ပျံသန်းပြီး မီးလုံးပစ်နိုင်သည့်ဖလိမ်မီတောင်ဘဲ, အုပ်ချုပ်သူအဆင့်သို့မတိုးမြှင့်ခင် ပေါ့ပါးတဲ့အကွာအဝေးသာရှိခဲ့သည်၊ရန်သူကိုသနားစိတ်ပြ ြင့်သွယ်ချွန်းသောနူတ်သီးကို သာအသုံးပြုသည်၊

စာစဉ် ၁၂

“သူတို့ရဲ့လျှင်မြန်သွက်လက်မှုကိုပြောင်းလဲဖို့ခက်ခဲတယ်
, အဲ့တာကသူတို့ရဲ့ခန္ဓာကိုယ်
ဖွဲ့စည်းပုံတစ်ခုလုံးကိုပြောင်းလဲပစ်ရလိမ့်မယ်၊
ဒါပေမယ့်သူတို့ရဲ့ခုခံနိုင်စွမ်းကိုမြှင့်တင်
ဖို့ကတော့မခက်ပါဘူး” ကောင်းဖန်ကပြောလိုက်သည်၊

ရေနံဓာတုဆေးအမျိုးအစား၁ကိုထိုးသွင်းပြီးနောက်ပုရွ
က်ဆိတ်ကြီးသည်
မြေပြင်ပေါ်သို့ပြုတ်ကျသွားကာခန္ဓာကိုယ်တစ်ဝိုက်တွင်
အညစ်အကြေးများစုပုံလာ သည်၊
သို့သော်ကြီးမားသောပုရွက်ဆိတ်၏ချွေးပေါက်များမှစွန့်
ထုတ်ပြီးသွားတဲ့နောက်,
ထိုအညစ်အကြေးများသည်ပျောက်ကွယ်သွားခြင်းမရှိပေ
၊ ၎င်းတို့သည်လဲလျောင်းနေ
သောခန္ဓာကိုယ်ပေါ်တွင်သံချပ်ကာကဲ့သို့ဖြစ်နေသည်၊

စာစဉ် ၁၂

ကြီးမားသောပုရွက်ဆိတ်ကြီး၏ခန္ဓာကိုယ်အရောင်သည် တဖြည်းဖြည်းမှိန်ဖျော့သွားပြီး,
၎င်း၏အပြင်အခွံသည်တဖြည်းဖြည်းမာကျောလာကာ,
၎င်း၏ရုပ်လုံးကပေါ်လာ သည်၊

၁၀မိနစ်ကြာပြီးနောက်,
ထို့နောက်ရုပ်လုံးကကွဲထွက်သွားသည်။

ထွက်ပေါ်လာသည့်ကခဲဖြူရောင်ပုရွက်ဆိတ်၊
“ကျနော်ဒီပုရွက်ဆိတ်ကို
ကျောက်နှလုံးပုရွက်ဆိတ်လို့နာမည်ပေးတယ်”

[မကောင်းဆိုးဝါးအမည်]-ကျောက်နှလုံးပုရွက်ဆိတ်

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၇

[မကောင်းဆိုးဝါးအဆင့်အတန်း]-အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးနှစ်သက်မှု]-ရေချို,သစ်ရည်

စာစဉ် ၁၂

[မကောင်းဆိုးဝါးအခြေအနေ]–ကျန်းမာ(ကြီးကျယ်ခြင်း)

ဒီအသစ်ပြောင်းလဲလာသောကျောက်နှလုံးပုရွက်ဆိတ်သ
ည် ဗိုလ်ကျသူနှင့်တူသည်၊ ၎င်းကသူ၏အခန်းထဲတွင်
အပြန်ပြန်အလှန်လှန်လျှောက်နေပြီး၎င်း၏မာကျောသေ
ာ
အခွံကို၎င်း၏ခြေလက်များဖြင့်အကြိမ်ကြိမ်ရိုက်နေသည်၊

“ရေချိူ? အဲ့တာကသကြားထည့်ထားတဲ့ရေဘဲလေ”
ကောင်းဖန်ကဆီလီကိုခေါ်လိုက် သည်၊

ထို့နောက်, ဆီလီ၏ဘဝဲလက်များကိုဖယ်ခွာ၍
ခန္ဓာကိုယ်ထဲသို့ရောက်အောင်သူ၏
ညာလက်ကိုသုံး၍သူ၏လက်များဖြင့်စမ်းတဝါးဝါးလုပ်ေ
ေသည်၊

စာစဉ် ၁၂

ဆီလီကသူ့သခင်ကိုမသင်္ကာမှုဖြင့်ကြည့်နေသည်၊၎င်းကသူ၏ဘဝဲလက်များဖြင့်
ကောင်းဖန်၏လက်များကိုတဖတ်ဖတ်နှင့်ရိုက်နေသည်၊

"အာ, တွေ့ပြီ"
ကောင်းဖန်ကသစ်သီးဖျော်ရည်အများအပြားကိုသူ၏ခန္ဓာကိုယ်ထဲတွင် ဖွက်ထားမည်မှန်းသိသည်၊

သူ၏ညာလက်ထွက်လာသည်နှင့်ဘယ်သူမှမတုံ့ပြန်မီ
ဆီလီကသစ်သီးဖျော်ရည်နံ့ကို ရနေပြီဖြစ်သည်!

"ငါ့ဟာ! ငါ့သစ်သီးဖျော်ရည်! မကောင်းတဲ့ကောင်းဖန်!"
လျှပ်စီးလမ်းကြောင်းကဲ့သို့
လျှင်မြန်စွာဖြင့်ဆီလီကကောင်းဖန်၏လက်မောင်းကိုဆွဲထားရန်သူ၏ဘဝဲလက်များကို
သုံး၍အသီးဖျော်ရည်များကိုသူ့လက်မှဆွဲထုတ်ရန်ကြိုးစားသည်၊ ၎င်း၏ခန္ဓာကိုယ်သည်

ကြမ်းပြင်နှင့်ပြိုင်တန်းလျက်ရှိသည်၊ ဆီလီကအတော်လေးသန်မာတာကြောင့်, ကောင်းဖန်ကိုကြမ်းပြင်ပေါ်မှတရွတ်တိုက်ဆွဲနေသည်၊

ဘန်း!

ကောင်းဖန်ကဆီလီ၏ခေါင်းကိုရိုက်ချလိုက်သည်,“ရေး၂ ြီးခွင်ကျယ်လုပ်မနေနဲ့, လွှတ်စမ်း၊ ငါမင်းဆီကသစ်သီးဖျော်ရည်တစ်ခွက်ယူမယ်, ဒါပေမယ့်ငါမင်းကို မနက်ဖြန် ၁၀ခွက်ပြန်ပေးမယ်၊”

ဆီလီကရုတ်တရက်လှုပ်ရှားမှုကိုရပ်လိုက်ပြီး သူ့ခေါင်းကိုရှုပ်ထွေးစွာဖြင့်ကုပ်လိုက် သည်၊ ထို့နောက်သူကသစ်သီးဖျော်ရည်ငါးပုလင်းကိုသူ့ခန္ဓာကို ယ်ထဲမှထုတ်လိုက်သည်၊

ကောင်းဖန်ကကတိပေးပြီးသားဖြစ်သွားတာကြောင့်, ၎င်းတို့ကိုပေးလိုက်သည်၊

သူကရပ်လိုက်သည်၊

ကောင်းဖန်ကဆီလီကိုရယ်ကာကြည့်လိုက်သည်,

“မင်းကဘယ်တော့မှမရှုံးဘူး, ဟုတ်တယ်မလား?”

ဆီလီကပေးချင်စိတ်မရှိဖြစ်နေသည်၊

သူ၏သခင်ကိုသစ်သီးဖျော်ရည်အာလုံးပေးရမည်

ကိုစိုးရိမ်နေသည်၊

ထို့နောက်၎င်း၏ဘဝဲလက်များအားလုံးကိုမြှောက်လိုက်ပြ

ြီး, ဘေးသို့ဝဲကာကလိုက် သည်၊

“ဆယ်,ဆယ်,ဆယ်,ဆယ်,သစ်သီးဖျော်ရည်ဆယ်ပုလင်း

ပါကွယ်!”သူက ကောင်းဖန်ဆီသို့ပြေးသွားလိုက်ပြီး

၎င်း၏ဘဝဲလက်များကိုသုံးကာကောင်းဖန်၏

မျက်နှာကိုပတ်လိုက်သည်၊

မည်မျှပင်ခက်ခဲစွာတွန်းထုတ်ပါစေ

ဆီလီထံမှရုန်းမထွက် နိုင်ပေ၊

စာစဉ် ၁၂

…

သူ၏ညစ်ပတ်နေသောကုတ်အင်္ကျီကိုသေသပ်လိုက်ပြီး, ကောင်းဖန်ကချောင်းဟန့် လိုက်သည်, “အိုကေ, ငါအစောပိုင်းရှာဖွေထားတဲ့ရလဒ်က, ကျောက်နှလုံးပုရွက်ဆိတ်ကြိုက်တဲ့အရာကိုရှာတွေ့ခဲ့တယ်၊ အဲ့ကောင်ကသစ်သီးဖျော်ရည်ကိုကြိုက်တာဘဲ”

သူကပြောလိုက်ပြီး, ဖန်ခွက်ကိုအမှောင်ထဲသို့ပစ်လိုက်သည်၊ ဖန်ခွက်ကကြမ်းပြင်နှင့် ရိုက်မိပြီးကျကွဲသွားတော့သည်၊ အတွင်းမှသစ်သီးဖျော်ရည်က ကြမ်းပြင်ပေါ်တွင်ပြန့်ကျဲကျနေသောဖန်ခွက်အစိတ်အပိုင်းများနှင့်ရောစပ်နေသည်၊

စာစဉ် ၁၂

ကျောက်နှလုံးပုရွက်ဆိတ်သည်ခေါင်းကိုမော့ကာလေထဲ
တွင်ရှိသောအနံ့ကိုရှူလိုက် သည်၊
သစ်သီးဖျော်ရည်၏အနံ့အသက်ကိုဖမ်းမိသောအခါ
ကျောက်ပုရွက်ဆိတ်သည် တင်လှုပ်ရှားလာတော့သည်၊
လှည့်ကြည့်လိုက်တော့
သစ်သီးဖျော်ရည်ကိုစိုက်ကြည့်ပြီး
လျှောက်သွားလိုက်သည်၊
လာသောလမ်းတစ်လျှောက်တွင်ဖန်အကွဲများကပြန့်ကျဲ
နေ သည်၊

ကျောက်နှလုံးပုရွက်ဆိတ်ကကြမ်းပြင်ကိုစစ်ဆေးလိုက်
သည်၊ ကြမ်းပြင်ရှိမှန်များက ကွဲကြေနေသည်၊

ငင်းကသူ့ခေါင်းကိုငုံ့လိုက်ပြီးတည်ငြိမ်စွာနှင့်ဖျော်ရည်ကို
သောက်တော့သည်၊ ဦးမှင်များကလှုပ်ယမ်းနေကာ
သူကပျော်ရွှင်နေကြောင်းကိုပြနေသည်၊

# စာစဉ် ၁၂

ထို့နောက်ကောင်းဖန်ကမြေကြီးဆေးအမျိုးအစား၁နှင့်တော်ဝင်ဆေးကိုထုတ်လိုက် သည်၊ ရွှေအလင်းခွေးနှင့်တောင်ငှက်ဝံပုလွေ့,အသီးသီးတွင်ငင်းတို့ကိုအသုံးပြုမည်ဖြစ် သည်၊

ရွှေအလင်းခွေးသည်သာမန်ကာနိုင်းခွေးအမျိုးအစားဖြစ်သည်၊ ၎င်း၏ဉာဏ်ရည်က ၎င်း၏အဆင့်တစ်ဝိုက်တွင်ရှိသောသားရဲများထက်အငေ ်ာ်လေးမြင့်မားပြီး နူးညံ့သိမ်မွေ့သောစရိုက်လက္ခဏာရှိသည်၊ ၎င်းကကလေးတွေနှင့်ဆော့ကစားရန် အတွက်ကောင်းပြီး အထူးအဆင့်ကာနိုင်းအမျိုးအစားသားရဲဖြစ်သည်၊

မြေကြီးဆေးကို ရွှေအလင်းခွေးအား မြေရွှေအလင်းသားရဲဖြစ်ရန်အတွက်သုံးမည်ဖြစ် သည်၊

စာစဉ် ၁၂

ငှင်း၏ကြံ့ခိုင်မှုနှင့်
ခံနိုင်ရည်နှစ်ခုလုံးတိုးတက်လာချိန်တွင်
ငှင်း၏အဆင့်တစ်ခုပြီးတစ်ခုတက်လာသည်၊တစ်ခုတည်း
သောချို့ယွင်းချက်မှာ
ငှင်း၏အမွေးများသည်ယခင်ကကဲ့သို့ဆွဲဆောင်မှုမရှိတော့ဘဲ, အနည်းငယ်မှိုင်းသွား သည်၊
ဘယ်လိုဘဲဖြစ်ဖြစ်ငှင်းသည်ရင့်ကျက်မှုကိုပေးစွမ်းသည်၊

အခြားတောင်ဝံပုလွေစာငှက်များသည်
ငှက်အမျိုးအစားသားရဲများဖြစ်ပြီး
အခြေခံအားဖြင့်ရှန်ချန်းတွင်တွေ့နိုင်သည်၊
ငှင်းကကပ်ဆိုးကြီးမတိုင်ခင်ရှိခဲ့သော
အနုန်းခွံရောင်စာငှက်မှဆင့်ကဲပြောင်းလဲလာခြင်းဖြစ်သည်
၊

စာစဉ် ၁၂

ကပ်ဆိုးမတိုင်မီက
လေထုညစ်ညမ်းမှုကြောင့်အုန်းခွံရောင်စာငှက်များလျော့
ပါးသွား တော့သည်၊ ဘယ်လိုဘဲဖြစ်ဖြစ်
အခြားမျိုးစိတ်များနှင့်နှိုင်းယှဉ်ပါကငင်းတို့
အရေအတွက်သည်မြင့်မားနေဆဲဖြစ်ပြီး
မျိုးပွားမှုနှုန်းမြင့်မားဆဲတော့ဖြစ်သည်၊
ကပ်ဆိုးကြီးပြီးနောက်
ငင်းတို့အရေအတွက်သည်သိသိသာသာတိုးလာသည်၊

တောင်ဝံပုလွေစာငှက်ကသိပ်မကြီးပေမယ့် မြန်သည်၊
ထို့အပြင်စိတ်ဓာတ်လည်း ပြင်းထန်သည်။
ငင်း၏နှုတ်သီးအတွင်းပိုင်းကိုချွန်ထက်သောသွားများဖြင့်
ဖုံးထားသည်၊ တောဝင်ဆေးကိုအသုံးပြုပြီးနောက်,
ငင်းက ကေရာဇ်တောင်ဝံပုလွေစာငှက်ဖြစ်သွား

စာစဉ် ၁၂

ပြီးငင်း၏အဆင့်အတန်းကသာမန်အဆင့်အတန်းမှ အထူးအဆင့်အတန်းသို့ ရောက်သွားသည်၊

[မကောင်းဆိုးဝါးအမည်]–
ကေရာဇ်တောင်ဝံပုလွေစာငှက်

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၅

[မကောင်းဆိုးဝါးစွမ်းရည်]–ယင်စွမ်းရည်

[မကောင်းဆိုးဝါးနှစ်သက်မှု]–
အသား,နီရဲနေသောအသား!

[ထူးခြားအဆင့်သို့မြှင့်တင်ရန်လိုအပ်ချက်များ]–
တော်ဝင်ဆေးကိုအသုံးပြုထားသော
ကြောင့်ပြီးပြည့်စုံသောအဆင့်အထိတိုးတက်စေရန်တူညီ
သောဆေးကိုသာအသုံးပြုရန် လိုအပ်သည်၊

စာစဉ် ၁၂

ဆေးကိုအသုံးပြုခြင်းသည်

ကေရာဇ်အဆင့်သို့တိုးမြှင့်ရန်အတွက် ခက်ခဲစေသည်၊

ထိုသားရဲ၏တိုးတက်မှုကိုတွေ့ပြီးနောက်စောင့်ကြည့်နေသူများကအံ့သြနေတော့သည်၊

ရှီချင်းဇီကသူမဦးလေး၏ခေတ်ခွဲခန်းတွင်အချိန်ဖြုန်းနေခဲ့သည်၊ သူမလေ့လာလေလေ,

သားရဲပျိုးထောင်မှုလုပ်ငန်းသည်

အရည်အချင်းပေါ်တွင်အမှန်တကယ်မူတည်မှန်း

သူမခံစားမိလေလေဖြစ်သည်၊

အခုသူမကသားရဲတစ်ကောင်ကိုကြည့်နေသလိုမျိုးကောင်းဖန်ကိုကြည့်နေတော့သည်။

***

# သားရဲလေ့ကျင့်သူ ကောင်းဖန်

စာစဉ် ၁၂

စာစဉ် ၁၂

# *အပိုင်း၁၈၇ မိုးကြိုးနတ်ဘုရားခရု*

ကျီဟာန့်ဝူကအရမ်းကိုပျော်ရွှင်နေသည်၊ မျိုးဆက်သစ်လူငယ်တွေတစ်ခုခုအောင်မြင်တာကိုမြင်တဲ့အခါ အသက်ကြီးကြီးလူအိုတွေခံစားဂုဏ်ယူမှုမျိုးဖြစ်သည်၊ ကျီဟာန့်ဝူသည်ကောင်းဖန်မှထပ်မံသုတေသနပြုပြီးနောက်ဒီဓာတ်စမ်းပစ္စည်းပွန်သုံးခု ထဲမှ-သွေးသားသတ်ဆေး,မြေကြီးဆေးအမျိုးအစား၁နှင့်ရေနံဓာတုဆေးအမျိုးအစား၁ တို့ကိုထုတ်လုပ်ပြီးရောင်းချဖို့အတွက်ဆုံးဖြတ်ချက်ချလိုက်သည်၊

“တော်ဝင်ဆေးကပိုပြီးတန်ဖိုးရှိတယ်, ဒါကြောင့်ငါတို့မရောင်းသေးဘူး,” ကျီဟာန့်ဝူက

စာစဉ် ၁၂

ညင်သာစွာပြောလိုက်သည်၊
ထို့နောက်သူကကောင်းဖန်၏ခေါင်းကိုထိလိုက်သည်၊
“အနာဂါတ်မှာ, မင်းပစ္စည်းတွေလိုချင်တယ်ဆိုရင်,
မင်းအဘိုးကိုသာမေးလိုက်၊
ပြီးတော့,မင်းရဲ့အနာဂါတ်စမ်းသပ်မှုရလဒ်တွေအားလုံး
ကိုအဘိုးကိုဘဲပြောဖို့လိုတယ်၊
မင်းကုမ္ပဏီကဘယ်သူ့ကိုမဆိုတင်ပြစရာမလိုဘူး”

ပြီးတော့ကျီဟာန့်ဝူကကောင်းဖန်၏အဘိုးဖြစ်ပြီး,
တခြားသုံးယောက်ဘက်မှကြည့်မယ် ဆိုလျှင်,
ကောင်းဖန်ကိုချစ်ခြင်းမေတ္တာနှင့်ဂရုစိုက်ကြောင်းပြောေ
ေတဲ့ပုံလို့မမြင်ကြပေ။

သူတို့ကခာတ်ခွဲခန်းထဲကနေထွက်လာပြီး,
ထန်ယိမြောင်ကသက်ပြင်းချလိုက်သည်,

“ကြည့်ရတာသူကဒီ၂နှစ်အတွင်းမှာငါ့တို့ကိုကျော်တက်သွားပုံဘဲ”

“ဟုတ်တယ်၊
ခုခေတ်ငယ်ရွယ်တဲ့လူငယ်တွေကကြောက်စရာကောင်းခ
ျက်”

ရှီဟောမင်၏မျက်နှာတွင်မဖတ်နိုင်သောအမူအရာရှိသည်၊
“သူကငါ့နဲ့သိပ်မဝေးတော့ မှာကြောက်နေပြီ”

ရှီချင်းဇီကသူ့ဦးလေးတို့နောက်မှလိုက်လာသည်၊ သူက
သူတို့ရဲ့စကားများကို
နားထောင်ရင်းလေးလေးနက်နက်စဉ်းစားနေမိသည်၊

…

“အဘိုး,တောင်ပိုင်းကောင်းကင်အဖွဲ့မှာ
စီစဉ်တဲ့လေ့လာရေးခရီးစဉ်တွေရှိလား?”

## စာစဉ် ၁၂

ကောင်းဖန်ကထိုသုံးယောက်ထွက်သွားပြီးနောက်သူ့အဖို းကိုသက်သေပြဖို့လုပ်လိုက် သည်၊

တခြားသောသုတေသီတွေနဲ့မတူဘဲ, သူသည်သားရဲများ၏ဆင့်ကဲဖြစ်စဉ်အပေါ်တွင် သုတေသနပြုလုပ်ရန်မလိုအပ်ပေ၊ သူသည်၎င်းတို့အား မျက်လုံးများဖြင့်တစ်ကြိမ်သာ ကြည့်လိုက်ရန်လိုအပ်သောကြောင့်ဓာတ်ခွဲခန်းတွင်နေရပြ ြင်းသည်သူ့အတွက် အချိန်ဖြုန်းခြင်းသာဖြစ်သည်၊ လေ့အေးပေးစနစ်ကိုသူတစ်ယောက်တည်းခံစားဖို့သာ ရှိသည်၊

ကောင်းဖန်သည်လျှို့ဝှက်ဆန်းကြယ်ပြီးအမျိုးအမည်မ သိသောတောရိုင်းများနှင့် ထိုနေရာရှိသားရဲအများအပြားအပြင်

ဆန်းသစ်သောအပင်များနှင့်သာမန်ထက်
လွန်ကဲသောသတ္တုများကိုတွေးတောနေမိသည်၊

သားရဲအမဲလိုက်လောကတွင်လူသိများသော
အထူးကမ္ဘာ့အမဲလိုက်သူများအဖွဲ့ရှိသည်၊

ကမ္ဘာ့အမဲလိုက်သူများအကုန်လုံးတွင်
သူတို့၏ကိုယ်ပိုင်ခေါင်းစဉ်ရှိသည်၊
သားရဲလေ့ကျင့်သူအုပ်စုထဲတွင်ကျော်ကြားသူများဖြစ်ကြ
သည်၊ ၎င်းတို့သည်
အထူးခြားဆုံးနှင့်စွမ်းအားအရှိဆုံးသားရဲလေ့ကျင့်သူအဖွဲ့
အစည်းလည်းဖြစ်သည်၊

လှုပ်ရှားလုပ်ဆောင်မှုမရှိသောသားရဲလေ့ကျင့်ပေးသူအမ
ျားစုနှင့်မတူဘဲ ၎င်းတို့သည်
တောင်၏အနက်ရှိုင်းဆုံးအပိုင်းများသို့သွားကြပြီး

လူသားများအခြေမချရသေးသည့် အမည်မသိနေရာများကိုစူးစမ်းလေ့လာကြသည်၊

သူတို့ကကမ္ဘာ့ရှာဖွေသူများဖြစ်ပြီး တောရိုင်းမြေများ၏စစ်သည်များဖြစ်သည်၊

စစ်တပ်ကအခြေစိုက်စခန်းမြို့များကိုခုခံကာကွယ်ရန်လူသားမျိုးနွယ်ကို ကာကွယ်ရန်လိုအပ်သည်၊ ယခုအချိန်အထိလူသားများစူးစမ်းလေ့လာခဲ့သော လူသိများသည့်ဧရိယာတစ်ဝက်နီးပါးကိုကမ္ဘာ့အမဲလိုက်သူများအဖွဲ့ကရှာဖွေပေးထား ခြင်းဖြစ်သည်၊

လေ့လာရေးခရီးများ? ကျီဟာန့်ဝူကကောင်းဖန်ကိုစိုက်ကြည့်လိုက်သည်၊

“မင်းကငယ်ငယ်လေးကတည်းကအမြဲတမ်းတောရိုင်းထဲမှာကြည့်ဘဲ” ကျီဟာန့်ဝူက

စာစဉ် ၁၂

ကောင်းဖန်ကိုအပြစ်တင်သလိုစနောက်ကာပြောလိုက်သ
ည်၊

ကျီဟန့်ဝူသည်လွန်ခဲ့သည့်နှစ်သစ်ကူးကာလတွင်
ကောင်းဖန်ကသစ်ပင်တက်ခြင်း,
အိမ်နောက်ဖေးရှိရေကန်တွင်ငါးဖမ်းခြင်း,
ပုစဉ်း,ယင်များအားဖမ်းလေ့ရှိသည်ကို
သတိရမိသွားသည်၊

“မင်းတောရိုင်းထဲကိုမသွားခိုင်းနိုင်ဘူးလို့တော့မဟုတ်ဘူ
း,ဒါပေမယ့် မင်းရဲ့သားရဲတွေ ကိုပိုလေ့ကျင့်ဖို့လိုတယ်၊
မင်းရဲ့သားရဲတွေတိုက်ခိုက်မှုကအရမ်းသဘာဝဆန်လွန်း
တယ်” ကျီဟန့်ဝူကကောင်းဖန်ကိုပြောလိုက်သည်၊

ကျီဟန့်ဝူကကောင်းဖန်သည်အရည်အချင်းရှိသောသားရဲ
ပျိုးထောင်သူဖြစ်တာကြောင့်

## စာစဉ် ၁၂

စမ်းသပ်မှုတွေပြုလုပ်ပြီးခေတ်ခွဲခန်းထဲတွင်နေရန်အတင်
းအကျပ်ဖိအားပေးမယ် မဟုတ်ပေ၊

ဆန့်ကျင်ဘက်အနေနှင့်,ကျီဟန့်ဝူသည်အလွန်လေးစား
မှုများတိုးတက်လာသည်၊

“တကယ့်တောရိုင်းက
အခြေစိုက်မြို့အနီးကတောအုပ်မဟုတ်ဘူး၊
နေရာတိုင်မှာ အန္တရာယ်တွေရှိနေတာကြောင့်
အဘိုးရဲ့ခွင့်ပြုချက်မရခင်,မင်းတောအုပ်ထဲကို
မသွားရဘူး၊
မဟုတ်ရင်မင်းခြေထောက်တွေကိုချိုးပြီးအိပ်ရာထဲမှာနေ
ခိုင်းလိုက်မယ်”
ကျီဟန့်ဝူကကောင်းဖန်ကိုအေးစက်စွာပြောလိုက်သည်၊

ကောင်းဖန်က, ကျနော့်မှာလျှို့ဝှက်နည်းတစ်ခုရှိတယ်,
ကြယ်နက္ခပြောင်းရွှေ့ခြင်းလေ၊

စာစဉ် ၁၂

အဘိုးကကျနော့်ခြေထောက်တွေကိုချိုးချင်ရင်
ကျနော့်ရဲ့သားရဲခြေထောက်တွေကို အရင်ချိုးရမယ်…,
ကောင်းဖန်ကတွေးမိလိုက်သည်။

ကောင်းဖန်သည်တာ့ဇီတွင်ရှိသောရာနဲ့ချီသည့်ခြေထော
က်များနှင့် အစင်းလေးတွင်ရှိ
သောခြေထောက်ရှစ်ချောင်းနှင့်
ဆီလီ၏မရေမတွက်နိုင်သောဘဝဲလက်များကို
မတွေးဘဲမနေနိုင်ပေ၊

ဖလိမ်မီအတွက်ကတော့…
သူ့ကိုပြောစရာကိုမလိုတော့ဘူး၊

"မင်းရဲ့တာ့ဇီကလျှပ်စီးအမျိုးအစားဘဲ၊
ပြီးတော့သူ့မှာလျှပ်စီးစွမ်းရည်သိပ်ပြီး
အများကြီးမရှိပေမယ့်အဲ့တာတွေကိုတိုက်ခိုက်မှုတွေမှာ
အသုံးပြုနိုင်တယ်၊

စာစဉ် ၁၂

အခုသူတို့အသုံးပြုတဲ့ပုံစံကအရမ်းအခြေခံကျလွန်းတယ်” ကျိုဟန့်ဝူကခေါင်းခါပြီး ခဏလောက်ရပ်လိုက်သည်၊ “မနက်ဖြန်ခြောက်နာရီကနေစပြီးအိပ်ယာကထ၊ မင်းရဲ့သားရဲတွေအကုန်လုံးကိုခေါ်လာခဲ့၊ အိုး,မင်းရဲ့အိပ်ခန်းထဲကဗီရိုထဲမှာအားကစား ဝတ်စုံတစ်ချို့ရှိတယ်၊ မနက်ဖြန်ဝတ်ခဲ့”

…

နောက်တစ်နေ့မနက်မိုးလင်းချိန်တွင်ကောင်းဖန်သည်အ ားကစားဝတ်စုံကိုဝတ်ဆင်ပြီး သူနှင့်သားရဲများကိုရေကန်ဘေးသို့ခေါ်သွားသည်၊

သူ့အဘိုးကရေကန်ဘေးတွင်စောင့်နေပြီးဖြစ်သည်၊ သူကအချိန်ကိုကြည့်လိုက်သည်, 5:57AM။

“ပထမဆုံးအကြိမ်၃ဂဒိုက်ထိုး” ကျိုဟန့်ဝူကညင်သာစွာပြောလိုက်သည်၊

စာစဉ် ၁၂

ကောင်းဖန်ကရှုပ်ထွေးနေသောအကြည့်ဖြင့်ကြည့်လိုက်သည်၊

“ငါမင်းကိုခြောက်နာရီမှာလာဖို့ပြောလိုက်တယ်, ပြီးတော့မင်းကခြောက်နာရီ အတိအကျမှာလာတယ်၊ မင်းကအတော်လေးအချိန်မှန်တာဘဲ၊ မင်းကအရမ်းအချိန်မှန် တာကြောင့်, အကြိမ်၃၀ဒိုက်ထိုးဖို့ဆုချတယ်”

ကောင်းဖန်အံ့သြသွားနေပေမယ့်, ဘာမှတော့မပြောပေ၊

သူ့ရဲ့သားရဲများ၏တုံ့ပြန်မှုဖြင့်သူ၏ကာယခွန်အားကိုမြှင့်တင်ပေးကာကောင်းဖန်သည် အကြိမ်၃၀ကိုလွယ်ကူစွာအဆုံးသတ်လိုက်သည်၊ သူပြီးသွားတော့,နှလုံးခုန်ကလည်း သာမန်ဖြစ်နေသည်,ပြီးတော့မျက်နှာကလည်းနီမနေပေ၊

စာစဉ် ၁၂

"ဒီနေ့ကမ္ဘာကြီးမှာ,
ပိုပြီးယုံကြည်အားထားရတဲ့အရာကငွေကြေးနဲ့အာဏာမဟုတ်ဘူး၊ ဒါတွေအားလုံးကအရာဝတ္ထုတွေသပ်သပ်ဘဲ၊"
ကျီဟာန့်ဝူကကောင်းဖန်၏မျက်လုံးများကိုစိုက်ကြည့်ကာပြောလိုက်သည်၊
"တကယ်မင်းမှီခိုလို့ရတဲ့တစ်ခုတည်းသောအရာကကိုယ်ပိုင်ခွန်အားဘဲ"

သူစကားပြောနေစဉ်တွင်,
ကျီဟာန့်ဝူကသူ၏ညာလက်ကိုဆန့်လိုက်ပြီးလက်ချောင်းများကိုဖြန့်လိုက်ကာလက်သီးများကိုဆုပ်လိုက်သည်၊ "ခွန်အားကအယုံကြည်ရဆုံးအရာဘဲ၊
ခွန်အားမရှိဘဲနဲ့,အဘိုးကဘယ်လိုလုပ်တောင်ပိုင်းကောင်းကင်အဖွဲ့ကိုအုပ်ချုပ်နိုင်မှာလဲ!"

စာစဥ် ၁၂

“ဒါကသားရဲတွေတင်လေ့ကျင့်ပေးရဖို့လိုအပ်တာမဟုတ်ဘူး၊ မင်းကိုယ်တိုင်ရဲ့ ခန္ဓာကိုယ်ကိုလည်းလေ့ကျင့်ဖို့လိုအပ်တယ်၊”

“အာ,ဒါပေမယ့်ကျနော်တို့လူသားတွေကဘယ်လောက်ဘဲခက်ခက်ခဲခဲလေ့ကျင့်ပါစေ, သားရဲတွေကိုတော့ဘယ်တော့မှအနိုင်မရနိုင်ဘူးပလေ” ကောင်းဖန်ကကို့ရို့ကားရား ပြောလိုက်သည်၊

“အဲ့လိုလား?” ကျီဟန့်ဝူကအပြုံးကြီးကြီးပြုံးလိုက်သည်၊ သူရဲ့ဘယ်ဘက်ခြေထောက် ကိုရုတ်တရက်ကြာပွတ်တစ်ချောင်းလိုဆန့်ထုတ်လိုက်သည်၊ ဝါးတားနေသောပုံရိပ် တစ်ခုကိုသာမြင်လိုက်ရသည်၊ မြည်သံတစ်ခုပါ ပါဝင်လာသည်၊ သူတို့နောက်က သစ်ပင်ကရုတ်တရက်ပေါက်ထွက်သွားခဲ့သည်၊

ဒီလိုသန်မာပြီးမာကျောတဲ့သစ်ပင်ကကန်ချက်တစ်ချက်ကြောင့်ကျိုးသွားတယ်!

ကောင်းဖန်ကအံ့ဩလွန်း၍စကားမပြောနိုင်ဖြစ်သွားသည်၊ ဒါကအရမ်းကိုရက်စက် တာဘဲ။

သာမန်အဆင့်အနက်ရောင်မာန်ဟုန်ပြင်းကင်းကောင်ကတောင် ထိုသစ်ပင်ကို တစ်ချက်ထဲနဲ့မချိုးနိုင်လောက်ပေ၊

"အခုအဘိုးရဲ့ခွန်အားဥဂရာခိုင်နှုန်းကိုဘဲသုံးရသေးတယ်၊" အဘိုးကြီးကျီက သူ့လက်နှစ်ဖက်စလုံးကိုနောက်ပစ်ထားလိုက်သည်၊ ကျီဟာန့်ဝူ၏တိုပြီး,ငွေရောင်သန်းနေသောဆံပင်များ၏နောက်တွင် ရွှေရောင်အလင်းတန်းများထွက်ပေါ်လာသည်၊

စာစဉ် ၁၂

လေပြင်းလေညင်းကရေကန်မှတိုးဝှေ့လာပြီး ကျီဟန့်ဝူရဲ့အင်္ကျီတွေလွင့်နေတော့သည်၊

သူ့မြေးဖြစ်သူက
သူ့ကိုကိုးကွယ်နေတဲ့အကြည့်တွေနဲ့ကြည့်ရင်းကြည်နူးေ
ေမိသည်၊

ရေကန်ထဲမှာရောင်ပြန်ဟပ်နေတဲ့ကျီဟန့်ဝူကိုကောင်းဖ
န်ကရှုပ်ထွေးစွာနှင့်ငေးကြည့် နေမိသည်၊
ဒါငါသိတဲ့သူလား?

"သားရဲတွေဆီကနေရတဲ့တုံ့ပြန်မှုခွန်အားကနည်းပေမယ့်
ငါတို့ရဲ့သားရဲတွေ
လုံလုံလောက်လောက်အားကောင်းတယ်ဆိုရင်
တုံ့ပြန်မှုကနေတစ်ဆင့်ငါတို့ကိုပေးတဲ့
စွမ်းအင်ပမာဏကလည်း များများတိုးပွားလာမှာဘဲ"

စာစဉ် ၁၂

“သန်မာတဲ့ခန္ဓာကိုယ်က အန္တရာယ်နဲ့ရင်ဆိုင်ရတဲ့အခါမြန်မြန်ထွက်ပြေးနိုင်စေတယ်”

ကောင်းဖန်ကပြင်းထန်စွာဖြင့်ခေါင်းညိတ်လိုက်သည်၊ သူ့အဘိုးပြောတာတွေက အကုန်မှန်တယ်လို့သူခံစားရသည်၊ အဘိုးပြောတာတွေကြားပြီးတဲ့နောက်, ကောင်းဖန်ကရုတ်တရက်လေ့ကျင့်ခန်းလုပ်ဖို့ကိုစိတ်ဝင်စားသွားတော့သည်၊

“အဘိုးတို့ကသားရဲလေ့ကျင့်သူတွေဘဲ၊ ငါတို့ရဲ့ကိုယ်ပိုင်အသက်တွေကိုကာကွယ်ဖို့က အရေးကြီးဆုံးအရာဘဲ၊ ငါတို့ကအသက်ရှင်နေသ၍, တိုက်ခိုက်မှုရဲ့အကျပ်အတည်းက နေအခြေအနေကိုပြောင်းလဲဖို့အခွင့်အရေးရှိတယ်၊”

သူစကားပြောပြီးနောက်,

ကောင်းဖန်၏သားရဲတွေကိုလှည့်ကြည့်လိုက်သည်၊

“တဒ္ဓီက

လျှပ်စီးအမျိုးအစားဘဲ၊ဘယ်လောက်တောင်တိုက်ဆိုင်

လိုက်သလဲ၊ ငါ့မှာကူညီနိုင်မဲ့သားရဲရှိတယ်၊”

“မိုးကြိုးနတ်ဘုရားခရု!”

ကျီဟာန့်ဝူကညင်သာစွာပြောလိုက်သည်၊

ရေကန်၏အဆုံးတွင်ကြီးမားသောလှိုင်းလုံးကြီးများစတ

င်ဖြစ်ပေါ်လာသည်၊ ကြီးမားသောပုံရိပ်တစ်ခုက

လျှပ်စီးများအလင်းများဖြင့်ပေါ်လာပြီးရေကန်မှ

ဖြေးညင်းစွာတက်လာသည်၊

ကောင်းဖန်၏မျက်လုံးကပြူးကျယ်လာတော့သည်၊

အရင်ကတစ်ခါမြင်ဖူးတယ်၊

အဲ့တာတကယ်ကိုသူ့အဘိုးရဲ့သားရဲဘဲ!

## စာစဉ် ၁၂

ငင်း၏ချွန်ထက်နေသောခရမ်းရောင်ဦးချိုတံလေးသည်
အမြင့်ကိုညွှန်ပြနေပြီး, ၎င်း၏
ခရုပတ်ပုံစံသည်ကောင်းကင်သို့မြင့်မားစွာထောင်တက်ေ
ေသည်၊၎င်း၏ကြီးမားသော
ကျောခွံသည်မိုးကြိုးနတ်ဘုရားခရု၏ချိုဖြစ်သည်၊
တောက်ပနေသော လျှပ်စီးခတ်
သည်၎င်း၏ခန္ဓာကိုယ်တစ်လျှောက်တွင်ပြေးနေပြီးကြီးမ
ားထူထဲသောခြေသည်းတစ်စုံသည်၎င်း၏ကျောခွံမှထွ
က်လာပြီးရေကန်၏အစပ်တွင်အနားယူနေသည်၊
ခြေသည်းနှစ်စုံမှလျှပ်စီးအလင်းထွက်လာပြီး
တွင်းနက်နှစ်ခုကိုဖန်တီးလိုက်သည်၊

ကောင်းဖန်၏ရှေ့မှာဘဲသားရဲ၏အချက်အလက်ကချက်ခ
ျင်းပေါ်လာသည်၊

[မကောင်းဆိုးဝါးအမည်]–မိုးကြိုးနတ်ဘုရားခရု

စာစဉ် ၁၂

***

စာစဉ် ၁၂

# *အပိုင်း၁၈၈ လေ့ကျင့်ရေး*

[မကောင်းဆိုးဝါးအမည်]-မိုးကြိုးနတ်ဘုရားခရု

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၃၉

[မကောင်းဆိုးဝါးအဆင့်အတန်း]-ထူးခြားအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]-လျှပ်စီး/ရေ

[မကောင်းဆိုးဝါးအခြေအနေ]-ကျန်းမာ(တည်ငြိမ်)

[မကောင်းဆိုးဝါးကျွမ်းကျင်မှုများ]-
မိုးကြိုးထိန်းချုပ်နိုင်ခြင်းအဆင့်၃, ရေထိန်းချုပ်ခြင်း
အဆင့်၂, ကျောခွံမာကျောမှုအဆင့်၃။

[ထူးခြားသောပင်ကိုလက္ခဏာများ]-
လျှပ်စီးကျောခွံ(စွမ်းရည်၁, တုန်လှုပ်မှုမရှိသော စွမ်းရည်;
မိုးကြိုးထိန်းချုပ်ခြင်း+1, စွမ်းရည်၂,

လှုပ်ရှားမှုရှိသောစွမ်းရည်;၎င်း၏ ကျောခွံ
အတွင်းတွင်သိမ်းဆည်းထားသောလျှပ်စီးစွမ်းအင်အား
လုံးကိုအပြည့်အဝထုတ်လွှတ်
ပေးပြီးအချို့သောအကွာအဝေးအတွင်းတွင်း
ဘေးအန္တရာယ်ဖြစ်စေသောမိုးကြိုး
မုန်တိုင်းကိုဖြစ်ပေါ်စေသည်၊

[ဒဏ္ဍာရီလာအဆင့်သို့မြှင့်တင်ရန်လိုအပ်ချက်များ]

စိမ်းပြာရောင်ခြေထောက်သည်၎င်း၏ကျောခွံအောက်မှ
ထွက်နေသည်၊ လျှပ်စီး
လက္ခဏာက၎င်း၏အပေါ်တွင်ကခုန်နေသည်ကိုမြင်ရသ
ည်၊ ၎င်း၏မဲနက်နေသော
အခွံပေါ်တွင်ငွေဖြူရောင်အလင်းဖျော့ဖျော့ကနေ့းကွေးစွ
ာနှင့်အရောင်လက်နေသည်၊

စာစဉ် ၁၂

“ဒီမိုးကြိုးနတ်ဘုရားခရုကို
ပင်လယ်ထဲကနေအဘိုးရှာတွေ့ခဲ့တာ” အဘိုးကျီက
မိုးကြိုးနတ်ဘုရားခရုကိုညွှန်ပြကာပြောလိုက်သည်၊
“သူကတအားတော့မသန်မာဘူး,
ဒါပေမယ့်သူ့မှာကြွင်နာတဲ့စရိုက်ရှိတယ်၊
သူကတာ့ဇီကိုလေ့ကျင့်ပေးဖို့လုံလောက် တယ်”

တာ့ဇီကမိုးကြိုးနတ်ဘုရားခရုကိုကြောက်ရွံ့စွာဖြင့်ကြည့်
လိုက်သည်၊ ထို့နောက်သူက
လျှင်မြန်စွာဖြင့်ကောင်းဖန်၏ခြေထောက်နောက်သို့သွား
လိုက်သည်၊
ဘယ်လိုဘဲဖြစ်ဖြစ်,၎င်းကအရမ်းကြီးလွန်းသည်,ဒါကြော
င့်သူဘယ်လိုဘဲပုန်းကွယ်ဖို့ ကြိုးစားနေပါစေ,
၎င်းကအမြဲတမ်းမြင်သာနေသည်၊

စာစဉ် ၁၂

"မိုးကြိုးနတ်ဘုရားခရု,
ဒီကင်းခြေများရဲ့လျှပ်စီးစွမ်းရည်ကိုလေ့ကျင့်ပေးဖို့အတွက် မင်းမှာတာဝန်ရှိတယ်။"

မိုးကြိုးနတ်ဘုရားခရုကခေါင်းညိတ်လိုက်သည်၊ အခွံကအပေါ်အောက်နှစ်ကြိမ်ရွေ့နေတာကိုမြင်နိုင်သည်၊

"သွားလုပ်၊
မိုးကြိုးနတ်ဘုရားခရုစွမ်းရည်ကမင်းနဲ့တူညီတယ်၊
ဒါကမင်းရဲ့စီနီယာမှန်း မင်းသိသင့်တယ်နော်,
ပြီးတော့မင်းစီနီယာရဲ့စကားကိုလည်းနားထောင်ဖို့လိုတယ်, နားလည်လား?"
ကောင်းဖန်ကနူးညံ့စွာဖြင့်လှည့်ပြောလိုက်ပြီးနောက်တဲ့ဇီ၏ခေါင်း ကိုညင်သာစွာဖြင့်ပုတ်လိုက်သည်၊

## စာစဉ် ၁၂

တာ့ဇီကတော့ကြောက်ရွံ့နေဆဲဖြစ်သည်၊ ၎င်းကသတိရှိစွာနှင့်မိုးကြိုးနတ်ဘုရားခရုကို ကောင်းဖန်၏ခြေထောက်များကြားထဲမှကြည့်နေသည်၊ ၎င်းကသူကိုယ်တိုင်သွားဖို့ မလုပ်နိုင်ဖြစ်နေသည်၊

ကောင်းဖန်က ရွေးချယ်စရာမရှိဖြစ်ကာ,ဒမ်ဘီကိုတာ့ဇီအားသယ်သွားရန်ပြောလိုက် သည်၊

လေထဲတွင်ကိုင်ဆောင်ထားခြင်းခံရသောတာ့ဇီက, သူ့ဘဝအတွက်ရုန်းကန်နေရှာ သည်၊ ကောင်းဖန်၏ခေါင်းထဲတွင်၎င်း၏အသံကိုကြားနေရသည်, "မင်းကငါ့ကိုမလိုချင် တော့ဘူး, မင်းကပြောင်းလဲသွားပြီ!"

"ငါမပြောင်းလဲပါဘူးဟ!" ကောင်းဖန်ကမပျော်မရွှင်ဖြစ်ကာပြောလိုက်သည်၊

"ဘာလို့တုန်းဆိုတော့မင်းကအရမ်းကြောက်နေတာကိုး! ဒီလိုသတ္တိနည်းတဲ့သားရဲ တစ်ကောင်ကငါ့ဆီမှာဘယ်လိုလုပ်ရှိနိုင်မှာလဲ!"

"ငါကမင်းဆီကနေသင်ထားတာလေ!" တဲ့ဇီကဒေါသထွက်စွာဖြင့်ကြည့်လိုက်ပြီး ခြိမ်းခြောက်သောလက်ဟန်ခြေဟန်များလုပ်ပြနေသည်၊

"ဟက်, ရယ်ချင်စရာဘဲ!ငါဘယ်တုန်းကကြောက်ဖူးလို့တုန်း? ငါကအနိုင်မခံအရှုံးမပေး တဲ့စိတ်ရှိတယ်ကွ၊ ငါ့ဘဝမှာဘယ်တုန်းကမှနောက်မဆုတ်ဖူးဘူး!" ကောင်းဖန်က ချက်ချင်းပင်တဲ့ဇီ၏ပါးစပ်ကိုပိတ်ရန်အတွက်ဒမ်ဘီကို အမိန့်ပေးလိုက်သည်၊ ထို့နောက် သူကမိုးကြိုးနတ်ဘုရားခရုဘက်သို့လှည့်ကာဖြောင့်မတ်

စွာဖြင့်ပြောလိုက် သည်,
"ကျနော့်ဆီကဒီမနာခံတဲ့သားရဲကို
လေ့ကျင့်ပေးဖို့အတွက်ခင်ဗျားလက်ထဲ အပ်လိုက်ပါပြီ၊
ကျေးဇူးပြုပြီး ဘာကိုမှထိန်းချုပ်မထားပါနဲ့!"

သူက
သူ၏နောက်ဆုံးစကားလုံးလေးလုံးကိုအထူးအလေးပေး
ပြောလိုက်သည်၊

မိုးကြိုးနတ်ဘုရားခရုသည်ငင်း၏ကိုယ်ပိုင်အခွံကို
ငင်း၏ခြေထောက်များဖြင့်ရိုက်လိုက်
ပြီးတဒုတ်ဒုတ်ထုတဲ့အသံကိုပြုလုပ်လိုက်သည်၊

ကျိဟန့်ဝူကသူ့ခေါင်းကိုလှည့်ကာပြုံး၍,
ကောင်းဖန်ကိုပြောလိုက်သည်,
"မိုးကြိုးနတ်ဘုရားခရုကပြောတယ်, ကိစ္စမရှိပါဘူး၊
သူ့လက်ထဲကိုသာအပ်လိုက်ပါတဲ့"

တဘ္ဇီကသူ၏ပါးစပ်များကိုပိတ်ခံထားရတာကြောင့်သွေး
စာချုပ်ကိုသုံး၍
သူ၏အတွေးများကိုကောင်းဖန်ဆီသို့ပို့လွှတ်လိုက်သည်၊
ကောင်းဖန်တစ်ဖက်လှည့်ကာ
မကြားချင်ယောင်ဆောင်လိုက်သည်၊

"အဘိုး, အစင်းလေး, ဒမ်ဘီနဲ့ဖလိမ်မီကိုရော?"

ကျိဟန့်ဝူကရေကန်ဘက်သို့လက်ခုပ်တီးလိုက်သည်၊
ကျယ်လောင်သောအသံကြီးက ထွက်ပေါ်လာပြီး,
ရေနဂါးဖြူကလှိုင်းများထဲမှပေါ်လာသည်၊
နဂါးကလေထဲတွင် ပျံဝဲနေပြီး,
၎င်း၏ကြီးမားသောခန္ဓာကိုယ်ကမြေပြင်ပေါ်တွင်ကြီးမား
သောအရိပ်ကို ကျနေစေသည်၊
နဂါး၏ပျံသန်းမှုကြောင့်ထွက်ပေါ်လာသောလေသည်

၎င်းတို့
ပတ်ဝန်းကျင်ရှိမြက်ခင်းများကိုပြန့်ကျဲသွားစေသည်၊

ဖလိမ်မီမှလွဲ၍, ကျန်တဲ့သားရဲတွေနဲ့
ရေနဂါးဖြူတို့အနီးကပ်တွေ့ဆုံမှုမှာပထမဆုံး
အကြိမ်ဖြစ်သည်၊

ဆီလီ၏ဘဝဲလက်များသည်ဖြောင့်တန်းသွားကာၢင်း၏ခ
န္ဓာကိုယ်ကတောင့်သွားပြီး
ကြမ်းပြင်ပေါ်သို့ပြုတ်ကျသွားသည်,
"သူကတိုးတိုးလေးရေရွတ်လိုက်သည်,
"ဘယ်လိုတောင်ကြီးတဲ့ငါးကြီးလဲ…"

"ဒမ်ဘီကဖုတ်ကောင်အမျိုးအစားဖြစ်ပြီးတော့,
သူကအနီးကပ်တိုက်ခိုက်မှုအမျိုးအစား ဖြစ်တယ်၊
အစင်းလေးကိုဘယ်လိုလုပ်ဖို့စီစဉ်ထားလဲ?"

"ကျနော်တို့အဖွဲ့ရဲ့အသင်းဖွဲ့စည်းပုံက အလယ်မှာနေရာယူဖို့တစ်ယောက်ကျန်နေသေး တယ်" ကောင်းဖန်ကအနည်းငယ်မျှတုံ့ဆိုင်းမှုမရှိဘဲပြောလိုက်သည်၊

အစင်းလေးကဆင့်ကဲပြောင်းလဲလာသည်နှင့်အမျှ တိုက်ခိုက်မှုများကိုပို၍ခံနိုင်ရည်ရှိ လာသည်၊ အခုတော့, အစင်းလေး၏အသွင်အပြင်ပေါ်အခြေခံ၍ ပင့်ကူဟုတ်မဟုတ်ကို ပြောဖို့ခက်သည်၊ သူ့ကကြီးမားတဲ့ဂဏန်းတစ်ကောင်နဲ့ပိုတူသည်၊

အစင်းလေးက ပင့်ကူမျှင်များကိုပစ်လွှတ်နိုင်သည်၊ အရင်တိုက်ပွဲအနည်းငယ်တုန်းက, အစင်းလေးကသူ၏ပင့်ကူမျှင်များကိုကောင်းကောင်းအသုံးပြုခဲ့သည်၊ သူ့ရဲ့ ရန်သူအများစုလှုပ်ရှားမှုများသည်,

စာစဥ် ၁၂

အစင်းလေး၏ပင့်ကူမျှင်များထိမှန်ပြီးနောက်

ကြီးမားသောကန့်သတ်ချက်ဖြစ်သွားစေသည်၊

"

ဒါကတခြားသူတွေရဲ့တိုက်ခိုက်မှုစွမ်းရည်ကိုကန့်သတ်နို

င်တဲ့tankဘဲ" ကျီဟန့်ဝူက ခေါင်းညိတ်လိုက်သည်။

ကောင်းဖန်ကသူ့အဘိုးရဲ့အင်တာနက်အသုံးအနှုန်းတွေ

အားသက်သက်သာသာဖြင့်

ပြောသွားသည်ကိုကြားလိုက်ရတာကြောင့်အံ့သြနေတော

့သည်၊

"ငါတို့ကသူ့ရဲ့ထိန်းချုပ်နိုင်မှုနဲ့တန်ပြန်တိုက်ခိုက်မှုကိုလေ

့ကျင့်ပေးရမယ်၊ နဂါးဖြူ,

ဒမ်ဘီကိုသွားပြီးလေ့ကျင့်ပေးလိုက်ပါ"

ကောင်းကင်မှရေနဂါးဖြူသည်

မြေပြင်ပေါ်မှာရှိတဲ့သူတွေကိုအထင်သေးစွာဖြင့်

ကြည့်လိုက်သည်၊ ဒါပေမယ့်,

သူ့သခင်ကအမိန့်ပေးပြီးတာကြောင့်, သူကဘာမှ

ပြန်မပြောတော့ပေ၊

ကျီဟာန့်ဝူက

ဆီလီကိုဘာအာရုံစိုက်မှုမှမရှိဘဲကြည့်လိုက်သည်၊

ကျီဟာန့်ဝူကဖလိမ်မီ၏စွမ်းရည်ကိုသိသည်၊

သူကခဏလောက်တိတ်နေပြီးနောက် ပြောလိုက်သည်,

“ ဖလိမ်မီ, တာ့ဇီနဲ့အတူတူသွားပြီးလေ့ကျင့်ချည်၊

မိုးကြိုးနတ်ဘုရား

ခရုကရေနဲ့လျှပ်စီးအမျိုးအစားဆိုပေမယ့်

နှစ်ခုလုံးကဒြပ်စင်အမျိုးအစားတွေဘဲ,

ဒါကြောင့်အများစုကတူကြတယ်”

ကျီဟန့်ဝူကပြောပြီးသွားတဲ့နောက်
ဖလိမ်မီကမိုးကြိုးနတ်ဘုရားခရုဆီသို့သွားကာ
အချိန်ဖြုန်းတော့သည်၊

တစ်ဖက်တွင်လည်းရေနဂါးဖြူသည်လည်းလေ့ကျင့်ရေး
စနေပြီဖြစ်သည်၊

ဒမ်ဘီကအကြောက်တရားဆိုတာဘာမှန်းမသိတဲ့အတွ
က် ဒမ်ဘီကကြောက်ရွံ့မှုမရှိပါ၊
သူကကောင်းကင်ပေါ်ရှိရေနဂါးဖြူအားပြင်းထန်စွာအော်
ဟစ်လိုက်သည်၊

ရေနဂါးဖြူကြီးသည် ပျင်းရိစွာသမ်းလိုက်သည်၊
၎င်း၏အမြီးကိုပွတ်တိုက်ကာ၎င်း၏
အရိပ်သည်မြေပြင်ပေါ်တွင်လျှင်မြန်စွာလှုပ်ရှားနေသည်၊

ရုတ်ခြည်းလျှင်မြန်စွာ

ရွေ့လျားမှုကအဆင့်ဇလေအရှိန်ကိုဖန်တီးလိုက်သည်၊

ဒမ်ဘီကလျှင်မြန်စွာဖြင့်မြေပြင်ပေါ်သို့ကျသွားတော့သ

ည်၊ သူ့ခန္ဓာကိုယ်ကရေကန်

ဘေးဘက်ရှိမြက်များကိုချိုးချေမိလိုက်ပြီး

မြေပြင်ကပြင်းထန်စွာတုန်ခါသွားသည်၊

အစင်းလေးသည်နှစ်ကြိမ်မျက်တောင်ခတ်လိုက်ပြီး,တုန်

ခါမှုကြောင့်ဟန်ချက်ညီ

အောင်လုပ်လိုက်သည်၊၎င်းကတံတွေးကိုမြိုလိုက်ပြီး

၎င်း၏လက်သည်းများကို

အသုံးပြုကာသဲသဲမဲမဲမြေကြီးကိုတူးလိုက်သည်၊

၎င်းကသင်ကြားထားမှုမရှိဘဲ

မြေကြီးအမျိုးအစားကိုသုံးလိုက်သည်၊

မြေကြီး၏အောက်ကစတင်စိုစွတ်လာပြီး,

အစင်းလေးကလျှင်မြန်စွာအပေါက်တူးကာထိုထဲတွင်ဝင်ပုန်းလိုက်သည်၊

ရေနဂါးဖြူသည်၎င်း၏ခြေသည်းများကိုသုံး၍အစင်းလေးကိုတူးထုတ်လိုက်သည်၊

၎င်းကအစင်းလေးတည်ရှိသောမှန်ကန်တိကျသည့်နေရာကိုတူးထုတ်ခြင်းဖြစ်သည်၊

အစင်းလေးသည်မြေပြင်ပေါ်သို့ကျသွားသောအခါ

ဂျကြိမ်ဂကြိမ်လောက်လိမ့်သွားပြီး

မြေကြီးနှင့်ရိုက်မိသွားသည်၊

အစင်းလေးကစိတ်တုန်လှုပ်သွားသည်၊ ၎င်းက,

ငါကမလောဘူးလေ,

ဘာလို့အတင်းအကြပ်လုပ်နေတာလဲ?

အစင်းလေးကသူ၏လက်သည်းများကို

ရေနဂါးဖြူထံသို့ဆန့်ထုတ်လိုက်သည်၊

စာစဉ် ၁၂

စူးရှသောပင့်ကူခြေသည်းအတန်းလိုက်က
မြေပြင်ကိုဖမ်းဆုပ်လိုက်ပြီး,ရှေ့ဘက်
ခြေနှစ်ချောင်းမြေပြင်ပေါ်သို့အရှိန်ပြင်းစွာဖောက်ဝင်လို
က်သည်၊ ပြန်ကန်ထွက်သော ခွန်အားကိုအသုံးပြု၍,
၎င်းကလေထဲသို့ပျံဝဲလိုက်သည်၊

အစင်းလေး၏သွေးနီရောင်
မျက်လုံးများကအရောင်လက်လာသည်၊

ငါ့ရင်ထဲကပြင်းထန်တဲ့စိတ်ကိုဒီလိုနှိုးဆွလိုက် တယ်ပေါ့၊
ဒီလိုအခြေအနေမျိုးမှာငါနာကျင်ရရင်တောင်–

ဘန်း!

အရောင်လက်နေသောရေနဂါးဖြူ၏ခြေသည်းများကအ
စင်းလေး၏လေးထောင့်ပုံစံ နှဖူးဖြင့်ရိုက်မိသွားသည်၊
အစင်းလေးကပြင်းထန်သောအင်အားကြောင့်မြေပြင်ပေ
ါ်သို့ ပြုတ်ကျသွားသည်၊

လေထဲတွင်တော့,

ရေနဂါးဖြူ၏ခြေသည်းသုံးခုကသူတို့၏ပုံစံအတိုင်းတောက်ပစွာ တည်ရှိနေသည်၊

မြေပြင်ပေါ်တွင်တော့,

အစင်းလေးကနေ့းကွေးစွာနှင့်ထလိုက်သည်၊ ဒီထက်ပိုပြီး မလေ့ကျင့်ချင်တော့ဘူး၊ အိမ်ကိုပြန်ပြီးဘဲအိပ်တော့မယ်၊

ရေနဂါးဖြူကအစင်းလေး၏နှဖူးကိုပုတ်ချလိုက်ချိန်တွင်,
ဒမ်ဘီကထိုအခွင့်အရေးကို
ယူကာငင်းထံသို့ခုန်လိုက်သည်၊
သူကသူ၏လက်သီးနှစ်ဘက်စလုံးကိုမြှောက်လိုက်ပြီး
၎င်းတို့ကို
ရေနဂါးဖြူထံသို့ဒုံးကျည်တစ်ခုလိုပစ်ထုတ်လိုက်သည်၊
လက်သီးနှစ်ဖက် ကျရောက်သွားရာနေရာတွင်,
သတ္တုပစ္စည်းချင်းထိရိုက်မိသည့်အသံထွက်ပေါ်လာသည်၊

ဒမ်ဘီကသူ့သတ္တုတစ်ခုကိုရိုက်မိသွားသလိုခံစားလိုက်ရသည်၊ ပြန်ကန်ထွက်သောအား

သည်ဒမ်ဘီဆီသို့ပြန်ရောက်သွားပြီးသူ့ကိုလေထဲသို့လွှင့်ထွက်သွားစေသည်၊

ရေနဂါးဖြူကြီးသည်၎င်း၏မျက်နှာတွင်အံ့အားသင့်နေ‌ေ‌ပုံစံဖြစ်နေသည်၊

၎င်းကတကယ်ရိုက်မိသွားခဲ့တာဖြစ်သည်၊

၎င်း၏ဝမ်းဗိုက်တည်ရှိရာနေရာတွင်လက်သီးထိုးချက်နှစ်ရာကိုပြသနေသည်၊ သူက အချိန်အနည်းငယ်လောက်အသက်ရှူလိုက်ပြီးနောက်, အဖြူရောင်အရာများက ပျောက်သွားတော့သည်၊

ဒမ်ဘီ၏မျက်လုံးထဲတွင်မီးတောက်များတောက်လောင်လာတော့သည်၊ အကယ်၍ သူကပစ်မှတ်ကိုရိုက်နိုင်လျှင်သူလုပ်တာကောင်းသည်ဟုဆိုလိုသည်!၊ သူက

စာစဉ် ၁၂

လက်သီးများကိုမြှောက်လိုက်ပြီးတိုက်ခိုက်ရန်အတွက်အသင့်ဖြစ်နေပြီဖြစ်သည်၊

သိပ်မဝေးသောအကွာအဝေးတွင်,

သေးငယ်သောအနီရောင်လူဝံလေးကသစ်ပင်ကိုင်းကိုကိုင်ထားလိုက်ပြီးအရည်လဲ့နေသောမျက်လုံးများဖြင့်ဒမ်ဘီကိုစိုက်ကြည့်နေသည်,

“ဖေဖေ,ဖေဖေက,အရမ်းအင်အားကြီးတာဘဲ!”

***

စာစဉ် ၁၂

# *အပိုင်း၁၈၉ ပြောင်းလဲမှု*

ဒမ်ဘီသည် ၎င်း၏သမီးထံမှအားပေးစကားကိုကြားလိုက်ရသည်နှင့် ပိုပိုပြီး အမိုက်စားတွေထုတ်ပြလာတော့သည်။ သူ့အတိုက်ခံလိုက်ရတိုင်း တဖန်ပြထကာ ဆက်လိုက်တိုက်ခိုက်သည်။

၎င်း၏လက်သီးချက်တိုင်း ကန်ချက်တိုင်းမှာ လေထုကိုခွင်းကာ အသံများပင်ထွက်လာပြီး တိုက်ခိုက်နှုန်းသည်လဲ ပိုးတဝါးသာမြင်နိုင်လောက်သည်အထိ မြန်ဆန်လှသည်။

ဒါက လေ့ကျင့်ရုံသာဖြစ်တာကြောင့် နဂါးဖြူသည် ၎င်း၏ခွန်အားကို ဖိနှိပ်ထားကာ ဒမ်ဘီကို အပျင်းပြေရုံသာ ကစားပေးနေသည်။

အစင်းလေးသည်တော့ လျှပ်စီးတိုက်ခိုက်မှုတစ်ခုကြောင့် ခြေထောက်များ ထုံကျဉ်သွားကာ မပျော်မရွှင်နှင့် သခင်ဖြစ်သူဘက်ကို လှည့်ကြည့်လာသည်။ အစင်းလေးက မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကောင်းဖန်ကိုပြောလိုက်သေးသည်။ "ကျွန်တော်က မြွေကြီးရဲ့ အားနည်းချက်ကိုရှာနေတာပါ။" အစင်းလေးသည် ယခင်က နဂါးတစ်ကောင်ကို မမြင်ခဲ့ဖူးတာကြောင့် နဂါးဖြူကို ခြေထောက်များပါသည့်မြွေကြီးအဖြစ် မှတ်ယူထားသည်။

ငင်း၏စကားဆုံးသည်နှင့် အစင်းလေးက တဖန် နဂါးဖြူကို စိုက်ကြည့်လိုက်ပြန်သည်။

စာစဉ် ၁၂

ကောင်းဖန်လဲ အစင်းလေးကိုကြည့်မနေတော့ဘဲ တာ့ဇီနှင့်ဖလိမ်မီတို့ကို သင်ကြားပေးနေသည့် မိုးကြိုးနတ်ဘုရားခရုဘက်ကို ကြည့်လိုက်သည်။

သဘာဝချင်းဆင်တူသည့် သားရဲများဖြစ်တာကြောင့် သူတို့ချင်းဆက်သွယ်ရာတွင် ပို၍လွယ်ကူနေသည်။

မိုးကြိုးနတ်ဘုရားခရု၏ရှေ့တွင် လက်သီးအရွယ် လျှပ်စီးဘောလုံးငါးလုံးက လေထဲမျောလွင့်တည်ရှိနေသည်။ ငွေဖြူရောင်လျှပ်စီးဘောလုံးများသည် မိုးကြိုးနတ်ဘုရားခရု၏အလိုအတိုင်း ပြိုးပြိုးပြက်ပြက် လှုပ်ရှားနေကြကာ စက်ဝိုင်းသဏ္ဍာန်ရွေ့လျားနေကြသည်။ ၎င်းတို့သည် ရံဖန်ရံခါ စက်လုံးပုံ၊ လေးထောင့်ပုံ၊ တြိဂံပုံနှင့်

စာစဉ် ၁၂

ပိရမစ်ပုံများအဖြစ် အမျိုးမျိုးအသွင်ပြောင်းလဲနေသေးသည်။

အထူးသဖြင့် လျှပ်စီးဘောလုံးငါးလုံးသည် အတူတကွရွေ့လျားနေခြင်းဖြစ်တာကြောင့် မိုးကြိုးနတ်ဘုရားခရုက ၎င်းတို့အားလုံးကို တပြိုင်နက်ထိန်းချုပ်နေခြင်းဟု ဆိုလိုပေသည်။

တကယ်ကို ကြောက်စရာကောင်းလှတဲ့စွမ်းရည်ပဲ။

တာ့ဇီဆိုလျှင် လျှပ်စီးများကို တဖြောင့်တည်းသာ ပစ်တတ်တာကြောင့် ယခုမြင်ကွင်းကိုမြင်ပြီး ထိတ်လန့်လို့နေသည်။

ဒီလိုနည်းနဲ့လဲ လုပ်လို့ရတာပေါ့…

တာ့ဇီမှာ ဘဝတွင်ပထမဆုံးအကြိမ်အဖြစ် သိမ်ငယ်စိတ်ပင်ဝင်လာတော့သည်။

စာစဉ် ၁၂

မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ဘူး…. တာ့ဇီ ခေါင်းကိုခါယမ်းပစ်လိုက်သည်။ ဒါက အဓိကမဟုတ်သေးဘူး။

တာ့ဇီ အတွေးတွေထဲနစ်မြုပ်နေသည်ကို ကောင်းဖန်မြင်ကာ တာ့ဇီရင့်ကျက်လာနေပြီဟု တွေးမိသွားသည်။ တာ့ဇီက ကြီးလာလေ ပိုပြီးရင့်ကျက်လာခဲ့လေပင်။

“တကယ်တော့ ဒါက မင်းထင်သလောကြီး မရှုပ်ထွေးပါဘူး။ မင်းမှာလဲ ငါ့လိုစွမ်းရည်မျိုးရှိတာပဲ။ ဒီတော့ ငါလုပ်နိုင်တာမျိုး မင်းလဲလုပ်နိုင်တာပေါ့။”

တာ့ဇီမှာ ပြောစရာစကားများ ပျောက်ရှနေကာ မိုးကြိုးနတ်ဘုရားခရုကိုသာ စိုက်ကြည့်ပြီး ပြန်ပြောလိုက်သည်။ “မင်းက

အရမ်းအင်အားကြီးတယ်လေ။ ငါ...ငါကတော့ မင်းလောက်အင်အားမရှိဘူး။”

“ငါအခု ပြနေတဲ့စွမ်းရည်က ငါ မင်းအဆင့်မှာပဲရှိတုန်းက လုပ်နိုင်နေတဲ့စွမ်းရည်မျိုးပဲ။” မိုးကြိုးနတ်ဘုရားခရုက အေးအေးလူလူပင်ပြောလိုက်သည်။ မိုးကြိုးနတ်ဘုရားခရု၏စကားပြောသံထဲမှာကိုက မိုးကြိုးသံများကိုကြားနေရကာ လေထုသည်လဲ လျှပ်စီးကြောင့် လွန်စွာလှုပ်ရှားလာသလို လျှပ်စီးဘောလုံးများကလဲ ဆက်လက်ပေါ်ပေါက်လာသည်။

လေထဲတွင် လျှပ်စီးဘောလုံး အနည်းဆုံးတစ်ထောင်လောက်အထိပြည့်နှက်သွားခဲ့သည်။ ၎င်းတို့သည် ညအချိန်မှကြယ်များနှယ်

စာစဉ် ၁၂

လင်းလက်နေပြီး တစ်လုံးနှင့်တစ်လုံးသည်လဲ လျှပ်စီးကြောင်းများဖြင့် ဆက်သွယ်နေကာ ပင့်ကူကွန်ရက်တစ်ခုနှယ်ထင်ရသည်။

"ဒါကမှ ငါ့ရဲ့စွမ်းအားအစစ်အမှန်ပဲ။"

တာ့ဇီတံတွေးပင်မြိုချမိတော့သည်။ ၎င်းမှာ မနာလိုမှုရော သင်ယူလိုစိတ်ပါ တပြိုင်နက်ခံစားနေရပြီး သူလဲ တစ်နေ့ ဒီလိုအဆင့်အထိရောက်နိုင်မလား တွေးနေသည်။

"မင်းရိုးရိုးရှင်းရှင်းလေးပဲ ဆုပ်ကိုင်ဖို့လိုတာပါ။ ဒီစမ်းသပ်မှုကိုအောင်ဖို့ မင်းလျှပ်စီးဘောလုံးငါးလုံးကို ထိန်းချုပ်နိုင်ရမယ်လို့ သတ်မှတ်လိုက်မယ်။"

မိုးကြိုးနတ်ဘုရား၏စကားကို တာ့ဇီခေါင်းညိတ်ပြလိုက်သော်လည်း စိတ်ရှုပ်နေခဲ့သည်။

စာစဉ် ၁၂

“ဒါက မင်းထင်သလောက်ကြီး မခက်ပါဘူး။ ငါတို့အတွက် လျှပ်စီးကိုထိန်းချုပ်တယ်ဆိုတာ သဘာဝစွမ်းရည်တစ်မျိုးပဲ။ မင်းရဲ့ခြေထောက်တွေအများကြီးနဲ့ လမ်းလျှောက်နိုင်နေသလို ပေါ့ လေ့ကျင့်လိုက်တာနဲ့ လုပ်နိုင်သွားလိမ့်မယ်။ ဒါပေမယ့် မင်းဘေးကင်ကျတော့ ခြေထောက်ပေါင်းတစ်ရာလောက်နဲ့ လမ်းလျှောက်ဖို့မဖြစ်နိုင်ဘူးလေ။”

ထိုစကားက ဖလိမ်မီ၏ရင်ထဲ ကျည်ဆံတစ်ခုလို ထိုးစိုက်သွားတော့သည်။

အနားမှာလေ့ကျင့်နေသည့် ဖလိမ်မီမှာ နှလုံးသားထဲကနေကို ထိုနှစ်ကောင်ကို ကျိန်ဆဲနေတော့သည်။ သူမှာ

စာစဉ် ၁၂

ခြေချောင်းတွေအများကြီးရှိတာ

ငါနဲ့ဘာဆိုင်နေလို့တုန်း!?

ဖလိမ်မီသည် နှုတ်သီးကိုဖွင့်ကာ မီးတောက်များပစ်လွှတ်လိုက်တော့သည်။ သို့သော်လည်း ၎င်း၏မီးတောက်များသည် ယခင်လို ဖြောင့်ဖြောင့်တန်းတန်းထွက်မလာဘဲ ရှေ့တွင်စုစည်းသွားကာ ကြီးမားသည့်မီးဘောလုံးကြီးတစ်လုံး ဖြစ်သွားခဲ့သည်။

၎င်းသည်သူ၏ပထမဆုံးစမ်းသပ်မှုတွင်မီးလုံးတစ်လုံ းဖန်တီးလိုက်သည်၊

မိုးကြိုးနတ်ဘုရားခရုတောင်ပင်အံ့ဩသွားသည်၊ သူကမအောင်မြင်ခင်အကြိမ် အနည်းငယ်လောက်ကြိုးစားခဲ့ရပေမယ့်

စာစဉ် ၁၂

ဒီခြေတစ်ချောင်းငှက်ကတော့သူ့ရဲ့ပထမဆုံး ကြိုးစားမှုမှာတောင်လုပ်နိုင်ခဲ့သည်၊

တာ့ဇီသည်ဖလိမ်မီကိုမနာလိုစွာဖြင့်ကြည့်လိုက်သည်၊ ဟမ့်!ဒီခြေတစ်ဖက်တည်းနဲ့ ကောင်တောင်လုပ်နိုင်သေးတာဘဲ၊ ငါကသေချာပေါက်သူ့ထက်သာရမှာပေါ့!

တာ့ဇီကသူ၏မျက်လုံးများကိုမှိတ်လိုက်ပြီး သူ၏ခန္ဓာကိုယ်ထဲမှစွမ်းအင်ကိုခံစားနိုင်ရန် ကြိုးစားလိုက်သည်၊

စွမ်းအင်ဖျော့ဖျော့ကသူ၏ခန္ဓာကိုယ်ထဲမှစီးဆင်းလာသည်၊ ဟုတ်ပြီ!ဒါငါ့ရဲ့စွမ်းအင်ဘဲ!

တာ့ဇီကချက်ချင်းပင်စွမ်းအားနှင့်ခံစားမှုတို့အတူတူ ပါဝင်လာတော့သည်၊ သူကရင်းတို့

စာစဉ် ၁၂

ကိုအတူတကွတွန်းထုတ်ရန်အလွန်ကြိုးစားလိုက်ပြီး ၎င်း၏ခန္ဓာကိုယ်ကိုစက်ဝိုင်းပုံစံ လှည့်လိုက်သည်၊

တာ့ဇီကတဖြည်းဖြည်းပို၍ပို၍စိတ်ပြေလက်ပျောက်ဖြ ြစ်သွားပြီးပိုပြီးတည်ငြိမ်လာ သည်၊ နောက်တစ်ဆင့်ကတော့သူ့ခန္ဓာကိုယ်ထဲက စွမ်းအားတွေကိုဖြေလျှော့တဲ့ပုံစံနဲ့ လွှတ်ပေးဖို့ဘဲဖြစ်သည်၊

တာ့ဇီသည်ထိုစွမ်းအားကိုဖြည်းညင်းစွာထိန်းချုပ်ထ ားသောနည်းလမ်းဖြင့်တွန်းထုတ် လိုက်သည်၊

“ပူ…”

လေလည်လိုက်မှုကတေးသွားလေးဖြင့်ရှည်လျားစွာ ထွက်လာသည်၊

စာစဉ် ၁၂

တာ့ဇီ၏မျက်နှာအမူအရာကတင်းကြပ်သွားပြီး မျက်လုံးနှစ်ဖက်ကိုထိတ်လန့်စွာဖြင့် မှိတ်လိုက်သည်၊

ဖလိမ်မီကတာ့ဇီကိုလှောင်ပြောင်သည့်မျက်လုံးများဖြ
ြင့်ကြည့်လိုက်သည်၊ ဒီငတုံး ကင်းခြေများကတော့၊ သူကတာ့ဇီကိုသူ့ရဲ့အကြီးမားဆုံးပြိုင်ဘက်အဖြစ်မြင်ခဲ့ဖူး
သော်
လည်းအခုတော့ဒင်းကဘယ်သူ့ကိုမှခြိမ်းခြောက်နိုင်ပုံမ
ရပေ၊

...

လဝက်လောက်ကြာပြီးနောက်, နွေဦးအားလပ်ရက်တစ်ဝက်ကိုဖြတ်ကျော်သွားခဲ့ပြီ
ဖြစ်သည်၊

ကျယ်လောင်သောပေါက်ကွဲမှုအသံက ရေကန်ဘေးမှပေါ်ပေါက်လာတော့သည်၊

ပေ၅ဂရှည်လျားသောအရိုးစုကြီးတစ်ခုသည်ကသုတ်ကရုတ်ဖြင့်မြေပြင်ပေါ်တွင် ပြေးနေသည်၊

သူ့ကကြီးမားသောရေထုထည့်ကြီးကသူ့ပေါ်ကိုကျလာပြီးရိုက်ခတ်လာမှာကြောက်တာကြောင့်ရှောင်တိမ်းနေရသည်၊

ရေကသိပ်သည်းပြီး ကျောင်ဆောင်ထက်ပို၍လေးလံသည်၊ ၎င်းကတစ်စက္ကန့်ကို ပေရာချီနှုန်းနှင့်မြေပြင်ပေါ်သို့ပြုတ်ကျသွားသည်၊ ထိုသို့ကျလာသောရေကြောင့် ကျလာသောနေရာများတွင် အပေါက်များဖြစ်ပေါ်လာသည်၊

## စာစဉ် ၁၂

ဒမ်ဘီကပြင်းထန်သောခုခံမှုရှိကာ, သူကဒီရေကိုမထိဝံ့ပေ၊ သူထိမှန်ရင်သူ့စည်းချက်ပြတ်သွားပြီး ရေဗုံးတွေပိုထိမှန်နိုင်သည်၊

ရံဖန်ရံခါတွင်နဂါး၏အမြီးမှဖန်တီးထားသောလေပြင်းများ၏ ခိုး၍တိုက်ခိုက်မှုသည် ရေ၏တိုက်ခိုက်မှုနှင့်အတူလိုက်ပါလာသေးသည်၊

ဒမ်ဘီ၏ရင်ဘတ်ရှိသွေးပြန်ကြောများကရှုးသွပ်စွာညှစ်နေသည်၊ သူကနဂါးအမြီးကိုရှောင်ရန်ကျောပြင်ကိုကုန်းလိုက်ပြီးနောက် သူ၏လက်သီးများကိုမြေပြင်သို့ရိုက်၍ ပြန်ကန်ထွက်အားဖြင့် ရေနဂါးဖြူ၏ဗိုက်ကိုထိုးလိုက်သည်၊

ထိုအဖြစ်အပျက်က အသက်ရှူမှုခဏလေးအတွင်းမှာတင် ဖြစ်ပေါ်သွားခဲ့တာဖြစ်သည်၊

ထိုးချက်ကိုပစ်လွှတ်ပြီးတဲ့နောက်, ဒမ်ဘီကပြန်ကန်ထွက်မှုအားကိုအသုံးပြု၍ လေထဲတွင်၃၆၀ဒီဂရီလှည့်လိုက်သည်၊ ထို့နောက်မြေပြင်ပေါ်သို့ပြန်ကျသွားသည်၊ သူ့နောက်တွင်ရပ်နေသောအစင်းလေးရဲ့တုန့်ပြန်မှုကအနည်းငယ်နှေးကွေးသွားသည်၊ အစင်းလေးသည်ပျော်ရွှင်ကာဒင်း၏ခြေသည်းများကိုဝှေ့ယမ်းပြနေသည်၊ တိုက်ပွဲကပြီးသွားပြီလား?

နဂါးဖြူကလေထဲတွင်၎င်း၏ထိန်းချုပ်ထားသောရေစွမ်းအင်ကိုရပ်တန့်လိုက်ပြီး, သူ၏အမြီးကိုကွေးလိုက်ကာတည်ငြိမ်စွာနှင့်ပြောလိုက်

သည်, “မဆိုးဘူး၊ မင်းရဲ့တုံ့ပြန်မှုနဲ့မြန်နှုန်းကသတ်မှတ်ထားတဲ့စံနှုန်းတစ်ခုကိုရောက်သွားပြီ၊ ငါအခုသုံးနေတဲ့ရေထိန်းချုပ်နိုင်မှုစွမ်းရည်က အုပ်ချုပ်သူအဆင့်ရေအမျိုးအစားသားရဲ အများစုရဲ့အဆင့်မှာဘဲ၊ ဒီလိုအခြေအနေအောက်မှာသူတို့နဲ့အလုံအလောက်နီးစပနိုင် ရင်တိုက်ပွဲတစ်ဝက်ကိုအောင်နိုင်ပြီလို့ဆိုလိုတာဘဲ”

“မင်းအတွက်ကတော့…” ရေနဂါးဖြူကသူ၏အကြည့်ကိုအစင်းလေးဆီသို့ပြောင်းလိုက်သည်၊

အစင်းလေးကသူ့ရင်ဘတ်ကိုကော့လိုက်ပြီး သူ၏ခြေသည်းများကိုထုတ်ပြလိုက်သည်၊

စာစဉ် ၁၂

“မင်းကခုခံမှုအမျိုးအစားဖြစ်နေကတည်းက, တိုက်ခိုက်မှုတွေကိုခံနိုင်ရည်ရှိဖို့ဘဲ လိုတာ”

တစ်ဖက်မှာလည်း,

ဖလိမ်မီကရေကန်အပေါ်တွင်ဝဲပျံနေသည်၊ ၎င်းဘေးပတ်လည်တွင် တော့မီးဘောလုံး၁၀လုံးရှိသည်၊ ရံဖန်ရံခါတွင်မီးလုံးသည်ရေကန်ထဲသို့ကျသွားပြီး ပေဒါဇင်အနည်းငယ်မြင့်သောလှိုင်းလုံးများကိုဖြစ်ပေါ်စေသည့်ပေါက်ကွဲသံများ ထွက်ပေါ်လာသည်၊

ကန်အစပ်တွင်,တာ့ဇီ၏ဦးမျှင်နှစ်ခုသည်တင်းကျပ်ေပြီး, ၎င်း၏ခန္ဓာကိုယ်က လေးပုံသဏ္ဍာန်ကွေးညွတ်နေသည်၊ ပင်ပေါင်ဘောလုံးအရွယ်ရှိသော လျှပ်စီးဘောလုံးလေးလုံးသည်၎င်း၏ဦးမျှင်ရှေ့တွင်တောက်ပနေသည်၊ ၎င်းတို့က

တစ်ချိန်မဟုတ်တစ်ချိန်ပျောက်ကွယ်သွားမလိုဖြစ်နေသ
ည်၊

“မင်းလဝက်လောက်အတွင်းမှာ
သင်ယူနိုင်ခဲ့တာအတော်လေးအံ့သြစရာဘဲ”
မိုးကြိုးနတ်ဘုရားခရုကတာ့ဇီကိုချီးကျူးလိုက်သည်၊

ရေကန်တစ်ဖက်တွင်ကျီဟာန့်ဝူနှင့်ကောင်းဖန်သည်ေ
ေးချင်းယှဉ်ရပ်နေကြပြီး,
ကောင်းကင်မှာပျံသန်းနေတဲ့ဖလိမ်မီကိုကြည့်နေကြသ
ည်၊ “မင်းတကယ်တောထဲကို သွားချင်တာလား?”

“ဟုတ်ကဲ့, ကျနော်သွားချင်တယ်,
ပြီးတော့ဘယ်လိုမျိုးလဲဆိုတာကြည့်ချင်တယ်၊
စိတ်အေးအေးထားပါအဘိုး,
ကျနော်ကအပြင်ဘက်လောက်ကဘဲလေ့လာမှာပါ၊

အတွင်းထဲကိုမသွားပါဘူး”

ကောင်းဖန်ကခေါင်းညိတ်လိုက်သည်၊

***

စာစဉ် ၁၂

# အပိုင်း၁၉၀ ခရီးစတင်ခြင်း

“ဒါကမင်းအတွက်”

အဘိုးကျီကအနက်ရောင်ပလတ်စတစ်အိတ်ကိုကိုသူ့အိတ်ကပ်

ထဲမှထုတ်ယူလိုက်သည်၊အိတ်ပုံစံအရင်းသည်မှတ်စုစာအုပ်သို့မဟုတ်ဖုန်းလိုမျိုး

တစ်ခုခုဖြစ်ကြောင်းသူခန့်မှန်းနိုင်သည်၊

ကောင်းဖန်ကငင်းကိုယူလိုက်ပြီး

အဘိုးကျီ၏ရှေ့တွင်ဖွင့်လိုက်သည်၊ အိတ်ထဲတွင်

ဝါညိုရောင်သန်းနေသောမြေပုံသည်ကြမ်းထော်နေပြီး,

ငင်းကိုဘာနှင့်ပြုလုပ်ထားမှန်း မသိပေ၊

တကဲဘလက်တစ်လုံးနှင့်

ရှင်းလင်းတိကျသောသံလိုက်အိမ်မြှောင်လည်း ပါဝင်သည်၊

“ဒီတက်ဘလက်ကဆိုလာအားသွင်းစနစ်ဘဲ၊ မြေပုံရဲ့အီလက်ထရွန်နစ်စနစ်လည်း ပါတယ်၊ အချက်ပြမှုတစ်ခုရှိရင်မင်းဖုန်းလည်းခေါ်လို့ရတယ်…၊ ငါမင်းကိုမြေပုံနဲ့ သံလိုက်အိမ်မြှောင်ဘယ်လိုသုံးလဲဆိုတာနောက်နေ့မှသင်ပေးမယ်၊ ဒါကယ္ဘိကျိုး မြေပြင်အခြေအနေကိုပြထားတဲ့အတွင်းပိုင်းဒေသတွေရဲ့ မြေပုံဘဲ၊ ပြီးတော့ အန္တရာယ်ရှိတဲ့နေရာတွေကိုလည်းပြတယ်၊ မင်းအဲ့တာကိုမကြာခဏအားကိုးရမှာဘဲ”

“မင်းမှာပျံသန်းသားရဲအမျိုးအစားရှိတာကြောင့် မင်းကတခြားသားရဲလေ့ကျင့်သူတွေ

စာစဉ် ၁၂

ထက်လေ့လာရေးခရီးမှာပိုပြီးအကာအကွယ်ရှိလိမ့်မယ် …အန္တရာယ်နဲ့ရင်ဆိုင်ရတဲ့အခါ မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေချတတ်ဖို့အတွက်သင်ယူဖို့လိုတယ်၊ ငါဒီမှာရှိနေသရွေ့ မင်းရဲ့အကာအကွယ်အဖြစ်အဘိုးကအမြဲတမ်းရှိနေမှာ၊ ကိုယ်လုပ်ချင်တာမှန်သမျှကို ယုံကြည်မှုအပြည့်နဲ့လုပ်”

ကျိဟန့်ဝူ၏ထုံးစံအတိုင်းတင်းမာနေသောစိတ်နေစိတ်ထ ား သည်ရုတ်တရက်ပျော့ပြောင်းသွားပုံရသည်၊ သူ့မျက်နှာတွင်နွေးထွေးသောအပြုံးတစ်ခု ပေါ်လာသည်၊

ကောင်းဖန်ကခေါင်းကိုလှည့်ကာသူ့အဘိုးကိုမော့ကြည့်လိုက်သည်၊ သူ့အဘိုးက ငွေဖြူရောင်ဆံပင်များကိုသပ်သပ်ရပ်ရပ်လှန်သိမ်းထားသည်၊

စာစဉ် ၁၂

ကောင်းဖန်သည်
ထိုသူ၏ဆံပင်ကအရင်အချိန်များတွင်အနက်ရောင်တွေဖြ
စ်ခဲ့ကြောင်း သတိရမိသွားသည်၊

"ဟုတ်ကဲ့" ကောင်းဖန်ကပြောလိုက်သည်၊

ဆီလီသည်လွန်ခဲ့သည့်လဝက်တွင်အုပ်ချုပ်သူအဆင့်သို့
တိုးမြှင့်သွားခြင်းသည်အလွန် ကောင်းမွန်သည်၊
၎င်း၏နေရာလပ်စွမ်းအင်သည်,
ထရပ်ကားများသပ်ဆောင်သော
ကွန်တိန်နာများကဲ့သို့ပင်ကြီးနေပြီဖြစ်သည်၊
အရည်အသွေးဆိုင်ရာပြောင်းလဲမှုသည်
နောက်ဆုံးတွင်သူရေတွက်ထားသည့်အတိုင်းဖြစ်လာပြီး
ဖြစ်သည်၊ အခုတော့
ကောင်းဖန်ဖြစ်ချင်သည့်အရာရွှေ့လျားဂိုဒေါင်တစ်ခုဖြစ်
လာခဲ့သည်၊

စာစဉ် ၁၂

နေရာလပ်နေရာများတွင် အစားအသောက်,ဆေးဝါး, ရွက်ဖျင်တဲ,နှင့်တောရိုင်းထဲတွင် အသက်ရှင်ရန်မရှိမဖြစ်လိုအပ်သောပစ္စည်းအစုံအလင်ထည့်ပြီးနောက် ကောင်းဖန်က အဘိုးကျိုကိုဝေ့ယမ်းပြကာလှည့်ပြီးအဝေးသို့လှမ်းကာထွက်လာခဲ့တော့သည်၊

ကျိုဟန့်ဝူကကောင်းဖန်၏နောက်ကျောကိုကြည့်နေသည်၊ သူကကောင်းဖန်ကို နောက်တစ်ခေါက်လှည့်ချင်စေချင်ပေမယ့် သူဘာပြောရမှန်းမသိဘူးဖြစ်နေသည်၊ အဆုံးမှာတော့သူသည်တိုးတိုးလေးသာသက်ပြင်းချလိုက်ကာ လှည့်ထွက်သွားတော့ သည်၊

...

ကောင်းဖန်ကမြေပုံကိုဖွင့်ပြီးသူဘယ်မှာရှိလဲဆိုတာကိုစူးစမ်းကြည့်လိုက်သည်၊

စာစဉ် ၁၂

“ငါ့အခုဆိုရင်ဒီနေရာမှာရှိသင့်တယ်…”ကောင်းဖန်ကမျ က်မှောင်ကြုတ်ကာ သူ့ကိုယ်သူရေရွတ်လိုက်သည်၊

ကပ်ဆိုးကြီးမတိုင်ခင်တွင်,

ယွိကျိုးမြို့သည်တောင်များကြားတွင်တည်ရှိသောကြော င့်

တောင်ပေါ်မြို့ဟုအမည်ပြောင်ပေးထားသည်၊၎င်းကက ပ်ဆိုးကြီးပြီးနောက် ဆက်လက်

ပြောင်းလဲသွားတော့သည်၊

တောင်တွေကပိုမြင့်လာပြီးပို၍တောင်ခမ်းနားလာသည်၊ ဆိတ်ငြိမ်ပြီးရင်းဆိတ်ငြိမ်သောနေရာဖြစ်လာခဲ့သည်၊

မြေပုံပေါ်၌,ယွိကျိုးမြို့သည်အလယ်ဗဟိုတွင်တည်ရှိသ ည်၊ အလယ်ဗဟိုတွင်

ယွိကျိုးနှင့်အတူမြေပုံစာရွက်ထောင့်ဆုံးအထိချဲ့ကြည့်လို က်သည်၊ ထိပ်ပိုင်းတော်တော်

များများတွင်သားရဲတွေရဲ့ပုံတူတွေနှင့်၎င်းသားရဲများ၏ဖေ
ော်ပြချက်များကိုပါ ပြထားသည်၊

အနီရောင်စက်ဝိုင်းများသည်
မြေပုံ၏သေချာသောနေရာများတွင်ချဆွဲထားပြီး,
ထိုစက်ဝိုင်းများအတွင်းတွင်အနီရောင်ကြက်ခြေခတ်များဖြ
ြစ်ထားသည်၊ ၎င်းတို့သည်
ကေရာဇ်အဆင့်ရှိသောသားရဲတစ်ကောင်ရှိနေခြင်းကိုအ
မှတ်အသားပြုထားခြင်းဖြစ်သသည်၊

အနီရောင်ကြတ်ခြေခတ်များသည်
ကေရာဇ်အဆင့်သားရဲများပုံမှန်ပေါ်လာနေကျ
နေရာများဖြစ်သည်၊

ကောင်းဖန်သည်မြေပုံကိုကြည့်ရင်းခေါင်းကိုက်နေတော့
သည်…မြေပုံပေါ်တွင်အနီ
အဝိုင်းများသည်အလွန်များပြားနေပြီး

၎င်းတို့သည်အလွန်နီးကပ်စွာဖြင့်တည်ရှိသည်၊ တစ်ချက်ကြည့်လိုက်သည်နှင့် အနည်းဆုံးဆယ်ကောင်လောက်ရှိနိုင်သည်၊

ကောင်းဖန်သည်မြေပုံကိုသေချာဂရုတစိုက်စကန်ဖတ်နေသည်၊ လွန်ခဲ့တဲ့တစ်ပတ်ခန့် ကကောင်းဖန်သည်ဒေတာအချက်အလက်ဇယားတွင် စိတ်ဝင်စားဖွယ်ကောင်းသော အင်္ဂါရပ်အသစ်များကိုရှာတွေ့ခဲ့သည်၊ အကယ်၍သူကအချို့သောပစ္စည်းများကိုသာ အာရုံစူးစိုက်ထားလျှင် ပစ္စည်းများဘယ်ကလာလဲဆိုတာကိုလေ့လာနိုင်မည်ဖြစ်သည်၊

သို့သော်သူသည်အရင်ကထိုသို့စွမ်းရည်မျိုးကိုမပိုင်ဆိုင်ဖူးဘူးဆိုတာကိုသတိရသွား သည်၊

စာစဉ် ၁၂

ကောင်းဖန်နားမလည်နိုင်ဖြစ်နေတော့သည်၊ ဒေတာအချက်အလက်နှင့်အတူစွမ်းရည်အသစ်ကိုအသုံးပြုခွင့်ရစေသည့်သူ၏စိတ်စွမ်းအင်ခွန်အ ားသည်တိုးတက်လာသည်ဟု သူယူဆခဲ့သည်၊ သူ၏စိတ်ဝိညာဉ်ခွန်အားများတိုးလာသည်နှင့်အမျှသူ၏ဒေ ေတာအချက် အလက်စွမ်းအင်သည်လည်းထိုနည်းငင်းပင်ဖြစ်သည်၊

ထိပ်တန်းအဆင့်အုပ်ချုပ်သူအဆင့်အတန်းသားရဲဖြစ်သ ည့်ဆီလီအပြင်ကောင်းဖန်၏ အခြားသားရဲများသည် ပြီးပြည့်စုံသောအဆင့်အုပ်ချုပ်သူအဆင့်အတန်းသားရဲမျ ားဖြစ် ကြသည်၊

ထိုအချိန်တွင်ကောင်းဖန်၏အဓိကပန်းတိုင်သည် အစင်းလေးနှင့်တာ့ဇီတို့ကို ထူးခြားအဆင့်အတန်းအထိမြှင့်တင်ထားရန်ဖြစ်ပြီး

၎င်းတို့၏ထူးခြားသည့်သွင်ပြင်

လက္ခဏာများကိုနိုးကြားလာစေရန်ဖြစ်သည်၊

“အစင်းလေးက ထူးခြားအဆင့်ကိုမြှင့်တင်ရန်အတွက်

မြေကြီးဝိညာဉ်အမြုတေကို မျိုချပြီးနောက်

အနက်ရောင်မြေကြီးမှာ၇၂နာရီအိပ်ရမယ်၊

အဲ့နောက်ကျရင်

မြေကြီးဒိုင်းကာပင့်ကူအဖြစ်ပြောင်းသွားလိမ့်မယ်”

ကောင်းဖန်ကမြေပုံကိုဆက်ကြည့် နေလိုက်သည်၊

သူကမြေကြီးဝိညာဉ်အမြုတေရှိမည့်နေရာကို

ရှာရန်ကြိုးစားနေပါသည်၊

မြေကြီးဝိညာဉ်အမြုတေ, မြေကြီးဝိညာဉ်အမြုတေ…

ဒီမှာ,ဒီမှာ,နဲ့ဒီမှာ ထိုနေရာသုံးခုတွင်

မြေကြီးဝိညာဉ်အမြုတေရှိရန်သင့်တော်သည့်

အခြေအနေများရှိသည်၊

အချိန်အတော်ကြာစဉ်းစားပြီးနောက်ကောင်းဖန်သည်သူ နှင့်အနီးဆုံးနေရာသို့ သွားရန်ဆုံးဖြတ်ချက်ချလိုက်သည်၊

“ဖြေးဖြေးသွား! ဖလိမ်မီ, ဖြေးဖြေးပျံဟ!

“တဒ္ဓဇီ! အဝေးကြီးမပြေးနဲ့,ပြီးတော့ အဲ့တာအနံ့နံ့တဲ့အသီးတွေ, မင်းစားလို့မရဘူး!”

“အစင်းလေး! မြန်မြန်ထစမ်း၊ အဲ့တာကသာမန်သံတောဝက်ထီးဘဲ,နတ်ဘုရား အမျိုးအစားတောဝက်ထီးမဟုတ်ဘူး! မင်းသူ့ရှေ့မှာဒူးမထောက်တာကောင်းမယ်!”

ခရီးတစ်လျှောက်လုံး,ကောင်းဖန်သည်၎င်းတို့တစ်ဦးစီကို ပြုစုစောင့်ရှောက်ရန် များစွာကြိုးစားအားထုတ်ခဲ့ရသည်၊ သူတို့အဖေလိုရော,သူတို့အမေလိုရောပါခံစားနေရ ပြီးအလွန်ကိုပင်ပန်းနေသည်၊ သားရဲတစ်ကောင်ချင်းစီကသူတို့ကိုယ်ပိုင်စဉ်းစားဉာဏ်

ရှိသည်၊ သူတို့အသက်ကြီးလာသည်နှင့်အမျှ
သူတို့၏ကိုယ်ရည်ကိုယ်သွေးများလည်း
ပိုပြီးတက်ကြွလာသည်၊ အရင်ကလိုလှည့်ပတ်ပြီး
ချစ်ဖို့ကောင်းအောင်သရုပ်ဆောင် နေမှာမဟုတ်ပေ၊
ဒါပေမယ့်ကောင်းဖန်ကတော့သူတို့ဆက်ပြီးလှည့်ပတ်ချ
စ်စရာ ကောင်းတဲ့ပုံစံမျိုးကိုပိုပြီးသဘောကျသည်…

နေ့တစ်ဝက်လောက်ခရီးသွားပြီးနောက်,
သုံးမိုင်ထက်ပိုပြီးမသွားတော့ပေ၊

ကောင်းဖန်ကသူ့နဖူးပေါ်မှချွေးများအားသုတ်လိုက်သည်
၊ အကယ်၍သူတို့ဒီလိုသာ
သွားနေမယ်ဆိုလျှင်,သူတို့လိုရာခရီးကိုဘယ်အချိန်ရော
က်မယ်ဆိုတာသူမသိတော့ချေ၊

ကံကောင်းစွာနဲ့ဘဲသစ်ပင်တွေကရှည်ပြီးအရွက်များက ြ
ြီးသည်၊ နေရောင်တွေက

သစ်ပင်တွေနှင့်သစ်ရွက်များမှပိတ်ကာခြင်းခံရပြီး, လေကလည်းအေးသည်၊

အများအားဖြင့်ဒီလိုအေးမြတဲ့ပတ်ဝန်းကျင်မှာခြင်တွေအများကြီးရှိလိမ့်မည်၊ ဒါပေမယ့်, ဒီနေရာပတ်လည်တွင်ဘာခြင်မှမရှိပေ၊ ကောင်းဖန်ကအရင်ကဒီလိုမရှိဘူးလို့ထင်သည်၊

ဖလပ်,ဖလပ်,ဖလပ်

အတောင်ပံခတ်နေသည့်အသံက ခပ်ခွာခွာနေရာမှထွက်ပေါ်လာသည်၊

တောအပေါ်မှပျံသန်းနေသည့်ဖလိမ်မီက, ကောင်းဖန်ကိုသွေးစာချုပ်မှတစ်ဆင့်ပြော လိုက်သည်, "သခင်, အဲ့နေရာမှာခြင်တွေအများကြီးဘဲ၊အရမ်းကြီးတဲ့ခြင်တွေအများ ကြီးဘဲ!"

စာစဉ် ၁၂

အရမ်းကြီးတဲ့ခြင်တွေအများကြီး?

ကောင်းဖန်ကသူ့နှလုံးပြင်းထန်စွာခုန်သွားသလို

ခံစားလိုက်ရသည်၊

သူကအစောပိုင်းတုန်းကခြင်အကြောင်းတွေးမိလိုက်လို့

ဂြိုလ်ဆိုး ဝင်တာလားဟ?

ထိုနေရာတွင်များပြားသောခြင်အုပ်ရှိသည်၊

၎င်းတို့သည်ကိုင်တွယ်ရန်ပို၍ခက်ခဲသော

သားရဲများထဲမှအချို့ဖြစ်သည်၊

အစောတုန်းကခြင်တွေကိုအမှတ်တမဲ့တွေးခဲ့ပေမယ့်

ခြင်တွေကိုတကယ်တော့မရှိစေချင်ခဲ့ပေ၊

မှောင်မိုက်သောတောထဲတွင်

ထိပ်ပိုင်း၌တစ်ခုနှင့်တစ်ခုထပ်နေသောထူထဲသည့်

ပင်စည်များနှင့် ထူထပ်သောချုံပုတ်များပြည့်နေသည်၊

အသံများထွက်နေသည့်

နေရာမှသာခြင်များရှိသည့်နေရာကိုခန့်မှန်းနိုင်တော့သ
ည်။

“ဖလိမ်မီ, အရင်ဆုံးအောက်ကိုဆင်းခဲ့ဦး”
ကောင်းဖန်ကဖလိမ်မီကိုအမိန့်ပေးလိုက် သည်။

ဖလိမ်မီကသစ်ပင်ထိပ်ဖျားကိုထိုးဖောက်၍ကောင်းဖန်၏
ဘေးသို့ဆင်းသက်လိုက်သည်၊
၎င်းကဘေးဘက်သို့လှည့်လိုက်ပြီး
ခြင်များရှိနေသောနေရာကိုအလွန်စူးစိုက်ကြည့်နေ သည်၊

ထို့နောက်ဖလိမ်မီက၎င်း၏နှုတ်သီးကိုဟလိုက်သည်၊
အဝါရောင်မီးတောက်များက
၎င်း၏လည်ချောင်းထဲမှထွက်လာပြီဖြစ်သည်၊

“ဒီလိုလုပ်ဖို့မလိုအပ်ဘူး”
ကောင်းဖန်ကညင်သာစွာဖြင့်ဖလိမ်မီ၏နောက်ကျောကို
ပွတ်ပေးကာပြောလိုက်သည်၊

ခရစ်,ခရစ်,ခရစ်

ဖလိမ်မီက မီးတောက်များကိုပြန်မျိုချလိုက်ရသည်၊ ဖလိမ်မီကမကြာသေးမီက ကြိုးပမ်းအားထုတ်မှုကြောင့်အပြင်းအထန်ကြီးထွားခဲ့သည်၊ ၎င်းကဖဲပေနှင့်တစ်ဝက် ရှည်ပြီးမြေပြင်ပေါ်တွင်ရပ်နေသည်၊ ကောင်းဖန်ကသူ၏ခြေထောက်ကိုမတ်တပ်ရပ် လိုက်ပြီး သူ၏လက်ကိုဆန့်ထုတ်ကာဖလိမ်မီ၏ခေါင်းကိုပွတ်ပေး လိုက်သည်၊

“ဒီလိုသားရဲတွေနဲ့ရင်ဆိုင်ရတဲ့အခါ ငါတို့ကဉာဏ်ကောင်းဖို့လိုတယ်” ကောင်းဖန်က တစ်ပေခွဲခန့်မြင့်သောရန့်အိတ်ကိုခရီးဆောင်နေရာလပ် မှထုတ်လိုက်သည်။

စာစဉ် ၁၂

"ဒါကကပ်ဆိုးကြီးပြီးတဲ့နောက်,ခရမ်းရွှေရောင်

လာဗင်ဒါ၊ ဖြိုးစွာရွှေနေကြာ ၊

ရှောက်ချိုသီးကြီးနဲ့လိမ္မော်ဂျက်စမင်အပါအဝင်

တယ်လိုစမာကိုဒါတာနဲ့လုပ်ထားပြီး ပေါင်းစပ်ထားတာ၊

သူတို့ကအထူးခြင်နိုင်ဆေးဖြစ်အောင်ရောနှောထားတာေ

ေ" ကောင်းဖန်ကရန်နံ့အိတ်ကိုမြှောက်လိုက်ပြီး

မတူညီသောပန်းများ၏ပြင်းထန်သော

ရနံ့သည်ပတ်ဝန်းကျင်သို့ပျံ့နှံ့သွားတော့သည်၊

"အခုကတော့,

အံ့ဖွယ်ဖြစ်ရပ်ကိုမျက်မြင်တွေ့ရမယ့်အချိန်ဘဲ"

အလှမ်းကွာသောနေရာတွင်,

သံနက်ခြင်ကြီးသည်အဝေးမှထူးဆန်းသည့်အနံ့ကို

ရုတ်တရက်အနံ့ခံမိသွားသည်၊

စာစဉ် ၁၂

ကြီးမားသောသံနက်ခြင်သည်သူရသည့်အနံ့အသက်ကြောင့်မူးမေ့လုနီးပါးဖြစ်နေတော့သည်၊

ငင်း၏အတောင်ပံများကပြင်းထန်စွာလှုပ်ခါနေပြီး ငင်း၏အရိုးများကဒီအနံ့ကြောင့် ကျိုးလုနီးပါးဖြစ်နေတော့သည်၊

“ဘလပ်” အော့အန်လိုက်ပြီးနောက် ကြီးမားသောသံနက်ခြင်သည်လျင်မြန်စွာနှင့် လှည့်ထွက်သွားတော့သည်၊

ကြီးမားသောသံနက်ခြင်ကအဖွဲ့ကိုဦးဆောင်သူဖြစ်သည်၊ ငင်း၏ပျံသန်းမှုဦးတည်ချက် မှာအခြားသောခြင်သားရဲများလိုက်နာရမည့်ဦးတည်ချက်ဖြစ်သည်၊

ခြင်တွေရဲ့အသံတွေတဖြည်းဖြည်းပျောက်ကွယ်သွားသည်၊ ကောင်းဖန်ကပြုံးပြီး

စာစဉ် ၁၂

ရောစပ်ထားသောရန့်အိတ်ကိုအဝေးသို့ဖယ်ထုတ်လိုက်သည်၊ သူ့ကိုကြည်ညိုတဲ့မျက်လုံးတွေနဲ့ကြည့်နေတဲ့သူ့သားရဲတွေကိုပြန်ကြည့်လိုက်ပြီး, ပြောလိုက်သည်, “ဒါကလွယ်ပါတယ်, လွယ်ကူပြီးရိုးစင်းတယ်”

***

စာစဉ် ၁၂

## *အပိုင်း၁၉၁*

“ဒီနှုန်းအတိုင်းဆိုရင်,
ငါတို့ပန်းတိုင်ရောက်ဖို့တစ်ပတ်လောက်လမ်းလျှောက်ရလိမ့်မယ်” ခြင်များကိုမောင်းထုတ်ပြီးနောက် ကောင်းဖန်ကသူ၏သားရဲများကိုပြောလိုက် သည်၊
“ဒါကတောရိုင်း၊ မင်းတို့အားလုံးအခုပိုကောင်းကောင်းနေတာအဆင်ပြေလိမ့် မယ်!”

သူကသူ့ရဲ့သားရဲတွေကိုဆုံးမပြီးနောက် ကောင်းဖန်က လေးထောင့်ပုံစံအမွေးနု စောင်လေးကို ဆီလီ၏ကိုယ်ပိုင်နေရာလပ်မှထုတ်လိုက်သည်၊
စောင်၏ထောင့်လေး ထောင့်တွင် ကြိုးအပိုင်းအစလေးများပါကာ,

ကောင်းဖန်ကကြိုးများကိုအစင်းလေး၏ ခြေထောက်ပတ်လည်တွင်ချည်လိုက်သည်၊ ကြိုးများသည်ပါးလွှာတာကြောင့် သားရဲ၏လှုပ်ရှားမှုများကိုအဟန့်အတားဖြစ်စေမည်မဟုတ်ပေ၊

ထို့နောက်ကောင်းဖန်သည်အစင်းလေးပေါ်သို့တက်လိုက်ပြီး သူသက်တောင့်သက်သာနှင့်ထိုင်လို့မရမချင်းသူ့ရဲ့အနောက်ပိုင်းကို အနည်းငယ်ရွှေ့လိုက်သည်၊

"ဒမ်ဘီ, တဒ္ဓဇီကိုမင်းခါးမှာပတ်ထားလိုက်၊ ငါတို့ဒီညတစ်ညအိပ်ဖို့အတွက် နေစရာလိုက်ရှာရမယ်"

သူ့အမိန့်ကိုကြားပြီးနောက်, သားရဲများကသူတို့၏အရှိန်ကိုတင်လိုက်ကြသည်၊

စာစဉ် ၁၂

ပထမတော့ ကောင်းဖန်က

အစင်းလေးကိုစီးရတာလှုပ်ရှားမှုအနည်းငယ်ရှိခဲ့သည်၊

ခဏအကြာမှာတော့သူကနေသားကျသွားတော့သည်၊

လမ်းတစ်လျှောက်တွင်

သူတို့သည်ထိုနေရာရှိသားရဲနှစ်ကောင်ကိုထိတ်လန့်သွား

စေ သည်၊ သိုသော်လည်းကောင်ဖန်တို့အဖွဲ့သည်

လျှင်မြန်စွာသွားလာနေကြပြီး

ထိုသားရဲများကိုအစင်းလေး၏အရှိန်အဝါအားခံစားမိစေ

တာကြောင့် ရလဒ်ကတော့ ကောင်းဖန်တို့အဖွဲ့ကို

သူတို့၏ပိုင်နက်ထဲသို့ပေးဝင်လိုက်တော့သည်၊

ပြင်းထန်သောလေက ကောင်းဖန်၏မျက်နှာကို

ရိုက်ခတ်နေသည်၊ မျက်လုံးကို မှေးကျဉ်း၍

သူဖြတ်လာသောရှုခင်းများကိုကြည့်နေသည်၊

သူတို့၏ရှေ့တွင် စမ်းချောင်းတစ်ခုရှိသည်၊ ရေညှိကျောက်တုံးနှစ်တုံးသည်စမ်းချောင်း အလယ်မှထိုးထွက်နေသည်၊ အစင်းလေးက စမ်းချောင်းထဲဆင်းချိန်တွင် ကောင်းဖန်ကရုတ်တရက် အနက်ရောင် အရိပ်တစ်ခုကို သူ့မျက်လုံးထောင့်မှ တွေ့လိုက်သည်၊

နောက်တစ်စက္ကန့်တွင် သူကလေထဲသို့မြောက်တက်သွားသလိုခံစားလိုက်ရသည်၊

၎င်းသည် တစ်စုံယောက်က သူ့ရင်ဘတ်သို့ထိုးချလိုက်ပြီးပျံထွက်သွားစေသလိုပင်ဖြစ်သည်၊

အဲ့တာကသိပ်တော့မနာပေ၊ ကောင်းဖန်သည် ရေထဲသို့ဗွမ်းကနဲကျသွားပြီးမှ သူ့ကိုဘာကတိုက်ခိုက်လိုက်မှန်းမြင်တာဖြစ်သည်၊

အနက်ရောင်အတုံးတစ်တုံးသည် ဂျယ်လီကဲ့သို့သူ့ရင်ဘတ်တွင်ကပ်နေသည်၊ ခဏလောက်တော့သူကဘာလဲဆိုတာကိုမပြောနိုင်ဘဲဖြစ်နေသည်၊

ဒမ်ဘီကပြေးလာကာ ဘာမှန်းမသိသည့်အရာကိုရင်ဘတ်မှဆွဲခွာလိုက်သည်၊ ထို့နောက် ကောင်းဖန်ကတိုက်ခိုက်သူအားရှင်းရှင်းလင်းလင်းမြင်နိုင်သွားသည်၊

[မကောင်းဆိုးဝါးအမည်] – တောင်မျှော့

[မကောင်းဆိုးဝါးအဆင့်] – အဆင့်၁၂(ထိပ်တန်းအဆင့်)

စာစဉ် ၁၂

[မကောင်းဆိုးဝါးအဆင့်အတန်း] – သာမန်အဆင့်

[မကောင်းဆိုးဝါးစွမ်းရည်] – ရေစွမ်းရည်

[မကောင်းဆိုးဝါးအားနည်းချက်] – ၁–လျှပ်စီးတိုက်ခိုက်ခြင်း၊၂–ဆားအခြေခံပစ္စည်းများ

ကောင်းဖန်သည် ထိုသားရဲကြောင့်အစင်းလေး၏နောက်ကျောကိုရိုက်ပုတ်သလို ဖြစ်သွားသည်၊

သူကဘေးဘက်သို့ပတ်ကြည့်လိုက်သည်၊

ရေထဲတွင်ကြည်လင်တောက်ပနေသော များပြားသောအရာများက သူတို့ကိုလှည့်ပတ် နေသည်၊

“ဒီကနေထွက်သွားကြရအောင်”, ကောင်းဖန်က ဒမ်ဘီ၏နောက်ကျောဘက်သို့ ကုပ်တွယ်တက်လိုက်သည်၊

စာစဉ် ၁၂

အကုန်လုံးကစမ်းချောင်းကနေ လျင်မြန်စွာထွက်လာကြသည်၊

တောင်မျှော့အချို့သည်
ရေထဲမှထွက်ပြီးနောက်မှတောင်တာ့ဇီ,
အစင်းလေးနှင့်ဒမ်ဘီ တို့ထံ၌ကပ်တွယ်နေဆဲဖြစ်သည်၊

လျှပ်စီးများပေါက်ထွက်သဖြင့်တာ့ဇီသည်
သူ့နောက်ကျောမှမျှော့များကို ပြာများဖြစ်အောင်
လျှော့တိုက်ချလိုက်သည်၊

ဒမ်ဘီကမျှော့ကို သူ့လက်ထဲမှမြေပြင်ပေါ်သို့
ဗတ်ခနဲပြစ်ချလိုက်သည်၊ စေးကပ်ကာ
ဖောက်ထွင်းမြင်နိုင်သောအရည်များဖြင့်ဖုံးထားပြီး
၎င်းကတွန့်လိမ်နေသေးသည်၊ ၎င်းက
အရေပြားကကြည့်ရတာကြမ်းထော်နေပုံရသည်၊

မျှော့ကရေထဲမှထွက်လာသော ငါးတစ်ကောင်လိုဖြစ်နေသည်၊ ၎င်းကစ၍ရေကမည်သည့်နေရာတွင်ရှိသည်ကိုရှာပြီးနောက် စမ်းချောင်းဆီသို့အပြင်းအထန်တွားသွားသွားတော့သည်၊

ချောင်း၏အစွန်းများပေါ်တွင် မျှော့များသည်အပုံလိုက်ရှိနေသေးသည်၊ ၎င်းတို့၏ ခန္ဓာကိုယ်များကရေထဲသို့ရောက်နေသည့်အချိန်တွင်ကြည်လင်နေပေမယ့်, ရေထဲမှ ထွက်လိုက်လျှင်၎င်းတို့၏ခန္ဓာကိုယ်ကချက်ချင်းပင်အနက်ရောင်သို့ပြောင်းသွားတော့ သည်၊ ဘယ်လိုဘဲဖြစ်ဖြစ, ၎င်းတို့အားလုံးသည်စမ်းချောင်းထဲမှမခွာနိုင်ကြပေ၊ အနည်းငယ်သောမျှော့များသည်အနောက်သို့တွန့်၍ပြန်မဆုတ်ခင် စိုစွတ်သောမြေစာ

အနည်းငယ်နှင့်ထိမိလိုက်ပါက

သေခြင်းသို့ရောက်သွားမည်ပင်ထင်ရသည်၊

ထိုထူးဆန်းသောဖြစ်စဉ်ကိုမြင်ပြီးနောက်ကောင်းဖန်၏ေ
ေါင်းထဲတွင်အတွေးတစ်ခု ပေါ်လာသည်၊

သူတက်ပလက်ကိုထုတ်လိုက်သည်၊

၎င်းတွင်အချက်ပြဘားတစ်ခုရှိနေ သည်၊

ကောင်းဖန်ကသူ့လက်ရှိတည်နေရာကိုသတ်မှတ်လိုက်ပြီ
း ‘save’ကိုမနှိပ်ခင်

အကြိမ်အနည်းငယ်လောက်နှိပ်နေလိုက်သေးသည်၊

သူ့တက်ပလက်ကိုပြန်ထားလိုက်ပြီးနောက်,

ကောင်းဖန်ကနောက်တစ်ကြိမ်

အစင်းလေးကိုခွထိုင်ကာပြောလိုက်သည်, “သွားစို့”

နောက်ထပ်နှစ်မိုင်လောက်တောကိုဖြတ်ကာ

ခရီးထပ်သွားပြီးနောက်, နောက်ထပ်

စာစဉ် ၁၂

အနက်ရောင်ပုံစံသည်သူတို့ရှေ့တွင်ပေါ်လာသည်၊
ကောင်းဖန်ကရုတ်တရက်
သူထိုင်နေခြင်းမှဆွဲသလိုခံစားလိုက်ရသည်၊
သူ့ဘေးပတ်လည်ရှိအကုန်လုံးက မှောင်မည်းနေပြီး,
စူးရှသောအနံ့တစ်ခုကပြင်းထန်စွာသူ့နှာခေါင်းထဲသို့တိုး
ဝင် လာသည်၊ သူ့ကိုပြုတ်ကျလုနီးပါးဖြစ်သွားစေသည်၊

ဒမ်ဘီသည်သူ့အတွက်အရိုက်ခံရလုနီးပါးဖြစ်သွားသည်၊
ရွံ့စရာကောင်းသော တကျွတ်ကျွတ်ဝါးနေသံက
ငင်း၏အရိုးများမှထွက်ပေါ်လာသည်၊ ထို့နောက်ဒမ်ဘီက
ငင်း၏ညာဘက်ခြေထောက်ကိုမြေကြီးဖြင့်ရိုက်ချလိုက်ပြီ
း ငင်း၏ဘယ်ဘက်လက်ကို
လွှဲလိုက်ပြီးတွန်းထုတ်လိုက်သည်၊

သူတို့ကိုတိုက်ခိုက်ခဲ့သော
မုန်တိုင်းခြသေ့်ကသစ်ပင်တစ်ပင်ပေါ်သို့ပျံတက်သွား

သည်၊ ထိုအခိုက်အတန့်မှာပင်,

ကောင်းဖန်ကမြေကြီးပေါ်သို့ပြုတ်ကျသွားပြန်သည်၊

ဒေါသထွက်နေသောဒမ်ဘီသည်

အားသုံးပြီးထိခိုက်မှုတစ်စုံတစ်ရာဖြစ်အောင်မလုပ်မီ

မုန်တိုင်းခြသေ့်သည်လျှင်မြန်စွာဖြင့်ထလိုက်ကာအရိပ်အ

တွင်းသို့တိုးဝင်သွား သည်၊

[မကောင်းဆိုးဝါးအမည်] – မုန်တိုင်းခြသေ့်

[မကောင်းဆိုးဝါးအဆင့်] – အဆင့်၂၆

[မကောင်းဆိုးဝါးအဆင့်အတန်း] – အထူးအဆင့်အတန်း

[မကောင်းဆိုးဝါးစွမ်းရည်] – လေ

အရှိန်ကိုအထူးပြုသောသားရဲများမရှိပေ၊

ဒမ်ဘီ၏အထူးထူးခြားချက်မှာအနီးကပ်

စာစဉ် ၁၂

လှုပ်ရှားမှုများဆက်တိုက်ထွက်ပေါ်ခြင်းဖြစ်သည်၊...?
(မသိ)

ဖလိမ်မီက နောက်ကနေလိုက်ချင်ပေမယ့်
သစ်တောသည်အလွန်အန္တရာယ်များလှသည်၊
ကောင်းဖန်သည် ဖလိမ်မီကို တောထဲရှိခြင်္သေ့နက်အား
သူ့ဘာသာသူလိုက်ရန် ခွင့်မပြုရဲပေ၊

ကောင်းဖန်သည်
လေခြင်္သေ့ပျောက်ကွယ်သွားသည့်နေရာကို
တစ်ချက်ကြည့်လိုက်ပြီး
မြေပြင်ပေါ်သို့ခြေဆောင့်လိုက်သည်၊ "ငါ
မင်းကိုဖမ်းမမိစေနဲ့ ခြင်္သေ့ရေ၊ နောက်တစ်ချိန်
ငါတို့တွေ့ရင်,
ငါသေချာပေါက်မင်းကိုသေချာပေါက်အပြစ်ပေးမယ်"

ထို့နောက်သူကအစင်းလေးပေါ်တွင်စီးပြီး, သူ၏အဖွဲ့နှင့်အတူသူတို့၏ဦးတည်ရာသို့ ဆက်၍သွားကြသည်၊

နေမင်းကြီးသည် တဖြည်းဖြည်းအနောက်ဘက်သို့နစ်မြုပ်သွားပြီး အပူချိန်လည်း သိသိသာသာကျဆင်းသွားသည်၊

“နောက်ထပ်ဆယ်မိနစ်လောက် ဆက်သွားရအောင်၊ ပြီးမှနားဖို့တစ်နေရာရှာကြစို့”, ကောင်းဖန်ကသူ့သားရဲတွေကို အားပေးစကားပြောလိုက်သည်၊

ရုတ်တရက်သူတို့ရှေ့မှာ နောက်ထပ်အနက်ရောင်ပုံစံတစ်ခုပေါ်လာပြန်သည်၊ ကောင်းဖန်ကစိတ်ဖိစီးသွားပြီး သူ့ခေါင်းကိုငုံ့လိုက်သည်၊ အနက်ရောင်အရိပ်က

စာစဉ် ၁၂

သူနားသို့အရမ်းနီးကပ်စွာရွေ့လျားလာသည်၊ ကောင်းဖန်ကနောက်ထပ်တစ်ကြိမ် ထိုင်နေရာမှပစ်လဲကျသွားပြန်သည်၊

အစင်းလေးကရပ်သွားပြီး စိတ်ရှုပ်ထွေးစွာဖြင့်ပတ်ဝန်းကျင်ကိုကြည့်နေသည်၊

ငါ့သခင်ကိုကိုယ်ထိလက်ရောက်လက်သွားတဲ့ကောင်က ဘယ်ပျောက်သွားပြန်ပြီတုန်း?

ကောင်းဖန်သည်ပြန်ထလိုက်ပြီး, ဒေါသများတောက်လောင်နေတော့သည်၊ ဒါက တတိယအကြိမ်ဘဲ!

တတိယအကြိမ်!

သေစမ်း, ငါကပစ်မှတ်ဖြစ်နေတာဘဲ၊ သူတို့ကငါဒီအဖွဲ့ထဲမှာအားအနည်းဆုံးလို့ထင်နေကြတာလား?

ကောင်းဖန်က သူ၏သည်းခံမှုတွေဆုံးရှုံးသွားတော့သည်၊

အခုသူတို့ကအလယ်တွင် ကြီးမားသောထန်းပင်ကြီးတစ်ပင်ရှိပြီး ဘေးဘက်တွင် ပြောင်ရှင်းနေသောနေရာ၌ရပ်နေကြခြင်းဖြစ်သည်၊

ကောင်းဖန်၏မျက်လုံးများက ထန်းပင်ပေါ်သို့စိုက်ကြည့်နေသည်၊ သူ့နှုတ်ခမ်းများက အေးစက်သောအပြုံးတစ်ခုပေါ်လာပြီးကွေးညွတ်သွားေ ေ့သည်၊

ဆိုတော့, မင်းကကစားရတာကြိုက်တယ်ပေါ့? အဲ့တာကိုဘယ်လောက်ကြာကြာ ဆက်ထိန်းနိုင်မလဲဆိုတာကြည့်ရအောင်၊

ကောင်းဖန်က သူ့သားရဲတွေကိုခေါ်လိုက်ပြီး တာ့ဇီနှင့်ဖလိမ်မီကို သူတို့၏သွေးစာချုပ်မှတစ်ဆင့် အမိန့်ပေးလိုက်သည်၊

“အဲ့ကောင်ကိုမီးရှို့လိုက်”

ဖလိမ်မီ၏မျက်လုံးကအပေါ်ကို မော့ကြည့်လိုက်သည်၊ ၎င်းကကောင်းကင်ပေါ်သို့ ပျံတက်သွားပြီးအတောင်ပံများတစ်ဝိုက်ရှိလေများသည် သိသိသာသာထင်ယောင် ထင်မှားဖြစ်သွားစေသည်၊ စက္ကန့်အနည်းငယ်ကြာပြီးနောက်, မီးတောက်များက ပါးလွှာသောလေထုတွင်ပေါ်လာပြီး မီးလုံးများအဖြစ်သို့ ပြောင်းလဲသွားကာလေထဲတွင် ဖော့ဝဲနေတော့သည်၊

လှည့်ပတ်နေသောမီးလုံးများသည် အုန်းပင်ဆီသို့တိုးဝင်သွားတော့သည်၊

ဘုန်း,ဘုန်း,ဘုန်း…

စာစဉ် ၁၂

မီးလုံးများသည်သစ်ပင်ကိုထိမှန်သောကြောင့်အရွက်များ မီးလောင်ကျွမ်းလာတော့ သည်၊

တစ်ချိန်လုံးမလှုပ်မယှက်ဖြစ်နေသောထန်းပင်သည်ဒွိရုတ်တရက်ပင်စည်, အကိုင်းအခက်, အရွက်မှားပြင်းထန်စွာလှုပ်ခါလာတော့သည်၊

[မကောင်းဆိုးဝါးအမည်] – ရွှေရောင်ထန်းပင်ဝိဉာဉ်

[မကောင်းဆိုးဝါးအဆင့်] – အဆင့်၂၉(ကွန်မန်ဒါအဆင့်)

[မကောင်းဆိုးဝါးအဆင့်အတန်း] – သာမန်အဆင့်

[မကောင်းဆိုးဝါးစွမ်းရည်] – သစ်သား

[မကောင်းဆိုးဝါးအားနည်းချက်] – ၁–မီး၊၂–လျှပ်စီး

လျှပ်စီးဘောလုံးများသည် တာ့ဇီ၏နှဖူးပေါ်မှ ထွက်ပေါ်လာတော့သည်၊

စာစဥ် ၁၂

သစ်ပင်ဝိဉာဉ်သည် ယခုအခါတွင် မီးတောက်များဖုံးလွှမ်းနေပြီဖြစ်သည်၊ အသိပြန်ဝင်လာသော်လည်းငင်းကသစ်ပင်တစ်ပင်သာဖြစ်နေသည်၊

ရွှေရောင်ထန်းပင်ဝိဉာဉ်သည်မီးနှင့်လျှပ်စီးအောက်၌နာကျင်စွာအော်ဟစ်နေသည်၊ နောက်ဆုံးတွင်တော့,ဘာမှမရှိတော့အောင်တစ်ငွေ့ငွေ့ေ ောင်ကျွမ်းကာ ပြာအဖြစ်သို့ ရောက်သွားတော့သည်၊

***

# *အခန်း ၁၉၂ တွဲဖက်သစ်*

များပြားလှသော ပြာမှုန့်များသည် မြေပြင်တွင် ပြန့်ကျဲနေသည်။ ထိုအပေါ်သို့ ကောင်းဖန် လျှောက်သွားသည့်အခါ အပူချိန်ကိုပင် ခံစားနေရသေးသည်။

သူသည် ပြာပုံပေါ်တွင် လျှောက်နေရင်း တစ်နေရာတွင် အစိုင်အခဲတစ်ခုကို ခံစားမိလိုက်သောကြောင့် လက်ဖြင့် ဆွဲထုတ်လိုက်သည်။

ထိုအရာသည် ရွှေရောင်ထန်းပင်၏ အမြုတေကျောက် ဖြစ်ပြီး ဘဲငန်းဥ တစ်လုံးလောက် ကြီးကာ တောက်ပသော အစိမ်းရောင် အလင်းတန်း ထွက်ပေါ်နေသည်

သားရဲ အမြုတေများတွင် အလွန်မြင့်မားသော ဓာတ်စွမ်းအင်များ ပါဝင်ပြီး ထိုစွမ်းအင်များသည် တစ်ခုနှင့် တစ်ခု ပေါင်းစည်းခြင်း မရှိကြပေ။

ထို့ကြောင့် ထိုအမြုတေများသည် ဓာတ်စွမ်းအင် တိုက်ခိုက်မှုအပေါ် သက်ရောက်ခြင်း မရှိပေ။ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုဖြင့်သာ ဖြိုခွင်းနိုင်သည်။

ကောင်းဖန်လက်ထဲမှ အမြုတေသည် အပင်အမျိုးအစား ကွန်မန်ဒါအဆင့်သားရဲ၏ အမြုတေဖြစ်သည်။ သူ၏ တန်ဖိုးချည်းပင် ထောင်ချီရနိုင်သည်။

ထို့ကြောင့် ပိုက်ဆံလိုသူများသည် ထိုကျောက်များကို ရှာဖွေရောင်းစားကြလေ့ရှိသည်။ ပုံမှန်အားဖြင့်တော့ သားရဲလေ့ကျင့်သူများသည် ထိုကျောက်များနှင့် အခြားပစ္စည်းများကို အလဲအလှယ် လုပ်လေ့ရှိသည်။

စာစဉ် ၁၂

မကြာမီ ကောင်းဖန်သည် ဂူရှိသော တောင်တစ်လုံးကို ရှာတွေ့ခဲ့သည်။ ပြောရလျှင်တော့ တောင်၏ အတွင်းဘက်ကို ၁၇ ပေခန့် အက်ကွဲနေသော နေရာသာ ဖြစ်သည်။

တကယ်တော့ ထိုနေရာသည် အက်ဒမန်ဘဲများ၏ အသိုက်ဖြစ်ခဲ့သည်။ ယခုတော့ကောင်းဖန်၏ နေရာဖြစ်တော့မည်ပင်။

ဘဲတစ်ကောင်သည် ခြေထောက်ကို ဆောင့်ကာ အသိုက်တွင်းမှ ဒေါသတကြီး ထွက်လာသည်။

ဒါက ငါ့အိမ်ဟငါ့အ ..ိမ်..

ခေးပြကောင်စုတ်တွေ..

ကောင်းဖန်သည် ဘဲထံသို့ စိတ်မရှည်စွာ လက်ပြရင်း ပြောလိုက်သည်။ “မင်းနေရာကို တစ်ရက်ပဲ ငှားမှာပါ .. ငါ့ကိုယ်ပိုင်သားရဲတွေ ..ဒေါသထွက်စရာ မလိုပါဘူး

ဗိုက်ဆာမလာခင် မင်းမြန်မြန်
ထွက်သွားတာကောင်းမယ်”

ဘဲသည် မျက်လုံးပြူးသွားပြီး ကောင်းဖန် ချိန်းခြောက်မှုကို မထီမဲ့မြင် ပြုလိုက်သည်။ သူသည် လည်ပင်းကို ဆန့်လိုက်ပြီး ကျယ်လောင်စွာ အသံပြုလိုက်သည်။

ကောင်းဖန်သည် ထိုဘဲ၏ တဂတ်ဂတ် အော်မြည်သံသည် ပုံမှန် မဟုတ်ကြောင်း သတိပြုမိလိုက်ပြီး ပုံမှန်ဘဲတစ်ကောင်အော်သည့်အသံကို လိုက်အော်ကြည့်လိုက်သည်။

ဘဲကလည်း ကောင်းဖန်အော်သံဖြင့် လိုက်အော်ကြည့်လိုက်သည်။

ထိုအခါမှ သူသည် ဉာဏ်အလင်းပွင့်သွားသလို တွေတွေကြီး ရပ်နေတော့သည်။

ငါ့ဘဲသံထက် ဒီကောင့်အသံက ပိုပြီး သဘာဝကျနေပါလား.

ဒီနေရာမှာ ဘဲအစစ်က ဘယ်သူလဲသူက .. တွေးလိုက်သည်။ ထို့နောက် ဂူနားသို့ သတိကြီးစွာဖြင့် ကပ်သွားသည်။

သူသည် ကောင်းဖန်ကို စိုက်ကြည့်နေသည်။

ထိုဘဲ၏ သွေးပူတတ်ပုံ၊ ခေါင်းမာပုံတို့ကို ကြည့်ခြင်းအားဖြင့် လူသားတော့ စားရသေးပုံ မပေါ်ချေ။

ကောင်းဖန်သည် ထိုဘဲသူ့ကို သေချာမြင်ရအောင် ဂူထဲမှ ထွက်ပြလိုက်သည်။ သို့သော်သူသည် သိပ်တော့ ဂရုမစိုက်ပါချေ။ သူသည် သူ၏ ကိုယ်ပိုင်သားရဲများကို

## စာစဉ် ၁၂

သတိဖြင့် နေဖို့သာ ပြောထားပြီး အိပ်ရာကို ထုတ်ကာ တစ်ညတာ နားဖို့ ပြင်လိုက်သည်။

ကောင်းဖန်က ဆီလီ၏ကိုယ်ထဲမှ အိပ်ရာကို ထုတ်လိုက်သောအခါ ဘဲသည် မျက်လုံးများ ကျွတ်ထွက်တော့မတတ် အံ့သြစွာ ကြည့်လိုက်သည်။

သူသည် ဆီလီကို ကြည့်လိုက် ကောင်းဖန်ကို ကြည့်လိုက်ဖြင့် မျက်လုံးပြူးနေသည်။

ဖလိန်မီကတော့ ထိုအူကြောင်ကြောင် သတ္တဝါကို ကြည့်ရင်း အူတက်နေသည်။

ထိုသို့ဖြင့် တစ်ညတာ ကုန်ဆုံးသွားခဲ့သည်။ ဒန်ဘီကတော့ တစ်ညလုံး ဂူရှေ့တွင် စောင့်ပေးခဲ့ပြီး မနက်ရောက်သောအခါ ဂူထဲဝင်သွားသည်။

ထို့နောက် အိပ်ရာစွပ်ကို ပုတ်ပြီး ကောင်းဖန်ကို နှိုးလိုက်သည်။

စာစဥ် ၁၂

ကောင်းဖန်က နိုးလာပြီး သန်းဝေလိုက်သည်။ ထို့နောက် လက်ကောက်ဝတ်မှ နာရီကို ကြည့်လိုက်သောအခါ မနက် ၅ နာရီခွဲသာ ရှိသေးသည်။

ထို့နောက် သူသည် အိပ်ရာထဲ ပြန်ခွေဝင်သွားသည်။ ၁၀ မိနစ်ခန့်ကြာသောအခါမှ သူသည် မျက်လုံးများကို ပြန်ဖွင့်လိုက်ကာ အိပ်ရာဇစ်ကို ဆွဲဖွင့်လိုက်သည်။

ဂူအပြင်ဘက်တွင် ဘဲကြီးသည် ဂူအဝင်ဝကို စိုက်ကြည့်နေဆဲ ဖြစ်သည်။ သူသည် တစ်ညလုံး မျက်တောင်ပင် ခတ်ပုံမရချေ။

ကောင်းဖန်ထွက်လာသော အခါမှ ဘဲကြီးသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး သေချာကြည့်နေပြန်သည်။

လုပ်တော့မယ်..လုပ်တော့မယ် ..

စာစဉ် ၁၂

ကောင်းဖန်က အိပ်ရာကို ဆီလီ၏ ကိုယ်ထဲတွင် ပြန်ထည့်လိုက်သောအခါ ဘဲကြီးသည် သေချာကြည့်ပြီး စိတ်လှုပ်ရှားလွန်းသဖြင့် တစ်ကိုယ်လုံး ယမ်းခါနေသည်။

သူသည် ခြေကို ဆောင့်လိုက်ပြီး အမြီးကိုပင် ယမ်းလိုက်သေးသည်။

ကောင်းဖန်သည် ဆားအနည်းငယ်ကို ပါးစပ်ထဲထည့်လိုက်ပြီး ရေကိုငုံ လိုက်သည်။ ထို့နောက် ဘဲဆီသို့ လျှောက်သွားပြီး သူ့ခေါင်းကို တစ်ချက်ပုတ်လိုက်သည်။ ထို့နောက် ဆားရည်ကို ပြတ်ထွေးထုတ်ပြီး ပြောလိုက်သည်။ "ကြည့်နေလည်း ဘာမှမထူးဘူးမင်းဘာမှ နားလည်မှာ မဟုတ်ဘူး .."

ဘဲသည် ကောင်းဖန်ကို နားမလည်နိုင်စွာ ကြည့်လိုက်သည်။

စာစဉ် ၁၂

ကောင်းဖန်က သူ့ကို တစ်ချက်ပြုံးကြည့်လိုက်ပြီး သူ့ကိုယ်ပိုင်သားရဲများကို ပြောလိုက်သည်။

“သွားရအောင် ဒီနေ့ ငါတို့သွားချင်တဲ့နေရာကို ရောက်တော့မှာ*

သူသည် ဘဲကိုလည်း လှည့်ပြောလိုက်သည်။

“ငတုံးကောင်နောက်ဆို လူတွေကို ဒီလောက် မြန်မြန် .. အသတ်ခံရနိုင်တယ်ကွ ..မချဉ်းကပ်နဲ့”

ဘဲသည် တကယ်ကိုပင် အကြောက်အလန့် မရှိပေ။ သူသည် ကောင်းဖန်ကို မြင်သော်လည်း ထွက်မပြေးသည့်အပြင် ချဉ်းကပ်၍တောင်ရသည် မဟုတ်ပါလား။

…

“သခင်ဘဲသားစားချင်တယ် ..ဗိုက်ဆာတယ် ..”

အစင်းလေး က ပြောလိုက်သည်။

စာစဉ် ၁၂

“ဗိုက်ဆာတယ်ဘဲသား ..ဘဲသားစားမယ် ..” တာ့ဇီက ပြောလိုက်သည်။

“မင်းတို့အားလုံးကို ဒန်ဘီက သယ်ထားရတာလေ .. ဗိုက်ဆာတယ်တောင် အသံထွက်ရဲသေးတယ်” ကောင်းဖန်က ပြောလိုက်သည်။

“နင်လည်း အစင်းလေးကို စီးနေတာပဲ” တာ့ဇီက ပြန်ပြောလိုက်သည်။

ကောင်းဖန်သည် နောက်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။ လူတစ်ယောက် အရပ်ခန့်ရှိသော ခံစားချက်မဲ့နေသည့် အဝါရောင်ဘဲသည် သူတို့နောက်သို့ အူယားဖားယား ပြေးလိုက်လာသည်။

ကောင်းဖန် လှည့်ကြည့်လိုက်သည်ကို တွေ့သောအခါ ဘဲသည် ပို၍ပင် စိတ်လှုပ်ရှားသွားပြီး တဂတ်ဂတ် အော်ပြောနေသည်။

သွေးစာချုပ်မရှိသောကြောင့် ကောင်းဖန်သည် ဘဲဘာပြောနေလဲ နားမလည်ပေ။

သူသည် ဘဲက သူ့ဆီက ဘာလိုချင်နေလဲ သိချင်နေမိသည်။

“သခင်သူကနင့်ကို ခေါ်နေတာ ..” ဖလိန်မီက ရုတ်တရက် ထပြောလိုက်သည်။

“မင်းက နားလည်လို့လား” ကောင်းဖန်က ဖလိန်မီကို အံ့သြတကြီး မေးလိုက်သည်။

“ငါက ငှက်ဘာသာစကားမှာ အဆင့် ၈ ရှိတယ်လေ” ဖလိန်မီကို ရင်ကိုကော့ပြီး ပြောလိုက်သည်။

“သူက ဘာတဲ့လဲ..” ကောင်းဖန်က မေးလိုက်သည်။

## စာစဉ် ၁၂

“သူက ပြောတယ် ငါ့ကိုစောင့်ဦးလေ ဘဲရေ.။ ငါ့ကို စောင့်ဦးတဲ့.။ ကောင်းဖန် နင်က ဘဲတော့မဟုတ်ပါဘူးမလား”

“ပေါက်ကရတွေ ဟုတ်စရာလားဟ”

ကောင်းဖန်က မျက်မှောင်ကြုတ်လိုက်သည်။ သူသည် ဒုက္ခတော့ ရောက်ပြီ ဖြစ်သည်။ ထိုဘဲက ငါ့ကို တကယ်ဘဲလို့ ထင်နေတာလားငါညက ..ဘာဖြစ်လို့လဲ .. သူ့ဘဲသံကိုပဲ မှန်အောင် ပြောပြပေးလိုက်တာလေ။

ဘဲသည် အတောင်ပံကို ခတ်ကာ အသေပြေးလာနေသောကြောင့် ဟပ်ထိုးလိုက်ကာ လဲကျတော့မလို ဖြစ်နေသည်။ သူသည် စအော်လိုက်သည့် အချိန်မှာတော့ ဟန်ချက်ပျက်သွားပြီ ဖြစ်သည်။

ဘဲ၏ တောင်ပံများသည် လိပ်သွားပြီး မြက်ခင်းပြင်ပေါ်သို့ တလိမ့်လိမ့် ပြုတ်ကျသွားသည်။

ဘဲ၏ ခေါင်းပေါ်တွင် အမှိုက်သရိုက်များဖြင့် ရှုပ်ပွသွားသည်။

အိုးဒီ ..ထူးဆန်းတဲ့ ဘဲကတော့ ကျန်ခဲ့ပြီ.။ ငါ့ကို သူစိတ်ဝင်စားတာ မဟုတ်မှန်း ငါသိပါတယ်..

ဘဲသည် မြက်ခင်းထဲသို့ ခေါင်းစိုက်သွားပြီး တစ်ကိုယ်လုံးနာကျင်နေသည်။ ထိုအချိန်တွင် သူ့ခေါင်းထဲ၌ ဗလာဖြစ်နေသည်။

နောက်တော့ သူသည် ရုတ်တရတ် သတိရသွားပြန်သည်။

အာဟ ..ုတ်တယ်သူသည် ကောင်းဖန်၏ ..ဟိုဘဲ .. မျက်နှာကို ချက်ချင်း ပြန်မြင်ယောင်သွားပြီး ခေါင်းကို မော့လိုက်သည်။

စာစဉ် ၁၂

ဖလိန်မီကတော့ ဘဲ၏ စကားကို ကောင်းဖန်အား ဘာသာပြန်ပေးရန် တက်ကြွနေသည်။

“ပါးစပ်ပိတ်ထားဘာမှ ဘာသာမပြန်ပြန်နဲ့ ..”
ကောင်းဖန်သည် ဖလိန်မီ၏ နှုတ်သီးကို လက်တစ်ဖက်ဖြင့် ပိတ်ကိုင်ထားသည်။

“ဘာလို့ငါ့နောက် လိုက်လာတာလဲ?”

“ဂတ် ဂတ် ဂတ်”

“ငါ့ဆီက ဘာလိုချင်လို့လဲ”

“ဂတ် ဂတ် ဂတ်”

“မင်းဒါပဲ ပြောတတ်တာလား*

“ဂတ် ဂတ် ဂတ်”

“…”

စာစဉ် ၁၂

“ကဲငါ့ကို ဘာသာပြန်ပေးတော့ ..” ကောင်းဖန်က လွှတ်ပေးပြီး ပြောလိုက်သည်။

ဖလိန်မီက ချက်ချင်း ဘာသာပြန်ပြလိုက်သည်။
“သူကပြောတယ်ငါ့ကို ဒီလို ..ဘဲကြီးရေတဲ့ .. ထားမသွားမှာ သိပါတယ်တဲ့”

ဖလိန်မီ၏ ဘာသာပြန်ပေးမှုကြောင့် လူတစ်ယောက်နှင့် ဘဲတစ်ကောင်ကြား စကားဝိုင်းသည် အဆင်ပြေချောမွေ့နေသည်။

သူတို့စကားဝိုင်းအရ ထိုဘဲကို သူ့မိဘများက စွန့်ပစ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် သူတစ်ကောင်တည်း တောနက်ထဲတွင် နေခဲ့ရကြောင်း သိလိုက်ရသည်။

စာစဉ် ၁၂

သို့သော် ကောင်းဖန်သည် ထိုကဲ့သို့ ဘာမှ မသိသောကောင်က ဒီလိုနေရာတွင် ဒီလောက်ကြာကြာ ဘယ်လိုနေလာလဲ သိချင်နေခဲ့လေသည်။

***

စာစဉ် ၁၂ ပြီး၏။